yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၁၄)ရက် ၊ တနင်္လာနေ့ ၊ (9-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၀)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၈ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ **စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၉ ရက်
အယ်ဒီတာ့အာဘော်

# ရာသီဥတုမျှတကောင်းမွန်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပေး

"ဥတုရာသီ၊ တောကိုမှီ"ဆိုသည့်အတိုင်း နေ့စဉ်မိုးလေဝသအခြေအနေများ၊ နှစ်အလိုက်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုအခြေအနေများသည် သစ်တော၊ သစ်ပင်များအပေါ် များစွာတည်မှီလျက်ရှိပေသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်တော၊ သစ်ပင်များက စုပ်ယူပြီး ရာသီဥတုမျှတကောင်းမွန်လာစေရေး၊ ပတ်ဝန်းကျင်ဂေဟာစနစ်များ တည်ငြိမ်စေရေးကို အထောက်အကူပြုလျက်ရှိပေရာ သစ်တော၊ သစ်ပင်များ တိုးပွားဖြစ်ထွန်းလာစေရန် သစ်ပင်များကို စိုက်ပျိုးကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူပြုစေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိပါသည်။

**"ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့်အတိုင်း အစကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ဇွန် ၆ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေလေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်စုစုပေါင်း ၂၀၃၆၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ပေသည်။

ယခုရာသီတွင် သစ်ပင်စိုက်ပျိုးမည်ဆိုပါက သစ်ပင်စိုက်ပျိုးရာတွင် စိုက်ပျိုးထားသော ပျိုးပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားများဖြစ်ရန် လိုပါသည်။ ထို့ပြင် စိုက်ပျိုးမည့်ပျိုးပင်များကို သယ်ယူရာတွင်လည်း ဂရုတစိုက်သယ်ယူပြီး မြေကျင်းများထဲသို့ စနစ်တကျထည့်ကာ မြေသေချာဖို့၍ စိုက်ပျိုးမှသာ ရှင်သန်ဖြစ်ထွန်းသောအပင်များဖြစ်ကာ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင်သည်"ဟု ဆိုရိုးရှိသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပလာကာ ရာသီဥတုပြန်လည်မျှတကောင်းမွန်လာမည်ဖြစ်သဖြင့် မိုးရာသီတွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မဟာမုနိဘုရားကြီးအား စိန်ဖူးတော်အသစ် ကပ်လှူပူဇော်နိုင်ရန် ရွှေသားသုံးပိသာနှင့်ကျောင်းတော်ကြီးတိုင် ခြောက်တိုင် ပြန်လည်တည်ဆောက်နိုင်ရန် အလှူငွေများ လှူဒါန်း




**မန္တလေး ဇွန် ၈**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်အင်အား အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးနှင့် ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများကို ရှေးမူမပျက် ပိုမိုခိုင်ခန့်အောင် ပြန်လည်ပြုပြင် မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ စေတနာအလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာ၌ မဟာမုနိဘုရားကြီး စိန်ဖူးတော်အသစ် ကပ်လှူ ပူဇော်နိုင်ရန်အတွက် ရွှေသား သုံးပိသာ အပါအဝင် ကျောင်းတော်ကြီး တိုင် ခြောက်တိုင်တည်ဆောက်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဇွန် ၇ ရက် နံနက်ပိုင်းက ကျင်းပရာ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သြဝါဒါစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မိကာရာမမိတ္ထီလာကျောင်းဆရာတော်၊ အဘိဓဇမဟာ ရဋ္ဌဂုရုဘဒ္ဒန္တသုဇနပီယ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝ ကျောင်းဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသအမှူးပြီး မဟာမုနိဘုရားကြီးဂေါပအဖွဲ့ သြဝါဒါစရိယဆရာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဒေါက်တာ နိုင်ထွဋ်အောင်နှင့်ဇနီး ဒေါက်တာဝေဝေရင် (ကွန်းခိုရာမိသားစု)၊ ဘုရားကြီးဂေါကပအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်၍ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မိကာရာမမိတ္ထီလာကျောင်းဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် မဟာမုနိဘုရားကြီးစိန်ဖူးတော်အသစ် ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေသားသုံးပိသာအပါအဝင် ကျောင်းတော်ကြီးတိုင်ခြောက်တိုင် တည်ဆောက်နိုင်ရန်တို့အတွက် စုစုပေါင်းအလှူငွေကျပ် သိန်း ၂၆၀၀၀၀၀၀၀ (ကျပ်သိန်း နှစ်သောင်းခြောက်ထောင်တိတိ)ကို ဒေါက်တာနိုင်ထွဋ်အောင်နှင့်ဇနီး ဒေါက်တာဝေဝေရင် (ကွန်းခိုရာမိသားစု)က လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြည်ညိုပြီးနောက် မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်ထံ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်း၍ နေ့ဆွမ်းများဆက်ကပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဘုရားကြီးနှင့် ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ခြင်းများကို ရှေးမူမပျက်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့ဈေးကွက်သို့ မေလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလတွင်း အုန်းသီးအလုံးရေ၅၅၀၀၀၀ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန်အုန်းသီးတွေ ဝယ်လိုအားကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့အုန်းသီးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်" ဟု ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု စသည့်စနစ်သုံးမျိုးလုပ်ဆောင်ပြီး ကုန်တင်ယာဉ်၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်အုန်းသီးများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ပဲတီစိမ်း ၂၅၅၉ ဧကထိ စိုက်ပျိုးပြီးစီး

**မြောင် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၆၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၂၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း ကျင်းပ



**မန္တလေး ဇွန် ၈**

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ် ဝင်းအတွင်း ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်တို့မှပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်တောသစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရေး အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည့်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အဖိုးတန် မြန်မာ့သဘာဝတောများ ထာဝစဉ် တည်တံ့စေရေးထိန်းသိမ်းကာကွယ်ရန်နှင့် ပျက်စီးပြုန်းတီးသွားသောတောများကို အစားထိုး စိုက်ပျိုးပြီး ဂေဟစနစ်များ ပြန်လည်ပြုစု ထိန်းသိမ်းရန် (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ထိ) ၁၀ နှစ်တာကာလအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးတွင် ပျိုးပင်ပေါင်း ၂၂၆၅၆၂၄ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် သစ်မျိုး ကိုးမျိုးဖြစ်သော ကျွန်း၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ တမာ၊ ရင်းမာ၊ ကုက္ကို၊ မဲဇလီ၊ မဟော်ဂနီများကို အပင်အရေအတွက် ၇၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါး စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်းနှင့် သစ်မျိုး ကိုးမျိုး စုစုပေါင်း အပင်အရေအတွက် အပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ဇွန်လ တတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ပြီး လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်တောင်သူ နည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ စပါးတွေလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဖို့ နည်းပညာများကို ကြိုတင်ဆောင်ရွက်သွားမယ်။ ဒ့ါပြင် ရွှေ့ခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူ ပညာပေးလုပ်ငန်းတွေကိုကြိုတင်လုပ်ဆောင်ပေးသွားမယ်။ စပါးတွေကို မျိုးကောင်းမျိုးသန့်နဲ့စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ပိုမိုစိုက်ပျိုးလာနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက ကျေးရွာအလိုက် အသိပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်နင်ကျေးရွာအုပ်စု မယ်နင်ကျေးရွာ၌ တတိယအကြိမ် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က မယ်နင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်း အနှီး ရရှိစေရန် ရည်ရွယ်ချက်များဖြင့် RBF စီကိန်းရန်ပုံငွေများထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မယ်နင်ကျေးရွာ၌ စပါးစိုက်ပျိုးရေးအဖွဲ့ စုစုပေါင်းအစုအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် စီမံကိန်းရန်ပုံ ငွေကျပ် ၇ ဒသမ ၅ သန်းစီဖြင့် စုစုပေါင်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချို့သန်းညွန့်**

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၇၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်အခါ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက်အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


နှမ်းကို တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)



# အနာနှင့်ဆေး

## ချစ်နိုင်(စိတ်ပညာ)



ဒေါက်တာဂျက်ဖရီဒီဆက်

ပုဂ္ဂိုလ်ခင်က တရားမင်တတ်ခြင်းသဘောကို စာရေးသူလည်း မရှောင်လွှဲနိုင်ခဲ့ပေ။ အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးပညာ ပါမောက္ခ ဒေါက်တာ ဂျက်ဖရီဒီဆက်၏ ဟောပြောချက်၊ ဆွေးနွေးချက်နှင့် ပို့ချချက်များကို ယူကျူ၊ တယ်လီဂရမ်၊ ဗိုင်ဘာ စသည့်အွန်လိုင်းများမှ လက်ကိုင်ဖုန်းပေါ်တွင် မြင်ခဲ့ကြားခဲ့ပေါင်းများပေပြီ။ ဆယ်နှစ်ခန့်ကြာပြီ ဆိုရပါမည်။ ဒေါက်တာ ဂျက်ဖရီဒီဆက်သည် ကမ္ဘာကျော်သော စီးပွားရေးဆိုင်ရာ အကြံပေးပါမောက္ခတစ်ဦး ဖြစ်ရုံမျှမက အရေးကော၊ အဟောအပြောပါ နာမည်ကြီးသည့် စာရေးဆရာကြီးလည်း ဖြစ်ပါသေး၏။

ပါမောက္ခ ဒေါက်တာ ဂျက်ဖရီဒီဆက်ရေးသော THE END OF POVERTY စာအုပ်သည်လည်း နိုင်ငံတကာ၌ပါ ထင်ရှားကျော်ကြားပါ၏။ မိမိကတော့ "ဆင်းရဲခြင်းလွတ်ကင်းအောင်"ဟု မြန်မာဘာသာပြန်(၂၀၀၇)ကို ဒုတိယအကြိမ် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ပြန်ထုတ်မှသာ ဖတ်ဖူးပါတော့သည်။ ဘာသာပြန်သူက နိုင်ငံရေးစာပေများ ရေးလေ့၊ ဘာသာပြန်လေ့ရှိသော ဆရာကျော်ဝင်းဖြစ်ပါသည်။ မန္တလေးဆေးတက္ကသိုလ် တက်ခဲ့ဖူးသည်။ မုံရွာဇာတိဖြစ်သည်။ ကျူရှင်ဆရာလုပ်ဖူးသည်။ တောပြန်ဖြစ်ပါသည်။ ရေးအားဖတ်အား အလွန်ကောင်းသော နာမည်ကျော် စာရေးဆရာကြီးတစ်ဦးဟု ဆိုရပါမည်။ "သို့နှင့်တိုင်"ဟူသော စကားလုံးကို မကြာခဏ ထည့်သုံးလေ့ရှိပါ၏။ မည်သို့ပင်ဆိုစေကာမူ–

ဤစာသည် စာအုပ်အညွှန်းဖြစ်ရန် မရည်ရွယ်ပါ။ ချစ်ခင်ရင်းနှီးသော စာဖတ်သူချင်း မိမိဖတ်ရှုတွေ့မြင်ရသော စာအုပ်ကောင်းတစ်အုပ်ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်စေလိုသောစေတနာဖြင့် ဖော်ပြလက်တို့လိုက်ခြင်းမျှသာ ဖြစ်ပါမည်။ ပြည့်ပြည့်စုံစုံ ရေးမပြနိုင်ပါ။ ဝေဖန်ချက်၊ သုံးသပ်ချက်လည်း မပေးလိုပါ။ (စာမြည်း **နမူနာအဖြစ် စာမျက်နှာ လေး၊ ငါး မျက်နှာကိုတော့ ကူးရေးတင်ပြအပ်ပါသည်)။** ကြိုက်ခြင်း မကြိုက်ခြင်းအစွဲလည်း မပါရှိပါ။ စာဖတ်သူလည်း မိမိနည်းတူ ဆက်၍စဉ်းစားနိုင်အောင်၊ တွေးစရာပေါ်အောင်၊ အစလေးဖော်ပေးရုံမျှသာ ရည်ရွယ်ပါသည်။ ဖတ်သူအတွက် နိုင်ငံတကာ ဆင်းရဲမွဲတေနေကြသော နိုင်ငံများစွာ၏ ပြဿနာများ၊ နည်းလမ်းများ၊ ကုထုံးများ၊ အတွေ့အကြုံနှင့်သင်ခန်းစာများက မိမိတို့ဘဝအတွက် အလွန်တရာအဖိုးတန်ပါသည်မဟုတ်လား။

ပီအိပ်ချ်ဒီဘွဲ့ရသော ဘောဂဗေဒသမားများကို လေ့ကျင့်သင်ကြားပေးရာတွင် ချမ်းသာသောနိုင်ငံများကသာ လွှမ်းမိုးလျက်ရှိနေသည်။ အဆိုပါ ချမ်းသာသောနိုင်ငံများရှိ ပီအိပ်ချ်ပီ ပရိုဂရမ်များတွင် တက်ရောက်သင်ကြားခဲ့သော သောတုဇနများကပင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၊ "ကမ္ဘာ့ဘဏ်"တို့ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို လွှမ်းမိုးချုပ်ကိုင်ထားလျက် ရှိနေပြန်သည်။ ဆိုခဲ့ပါ အဖွဲ့အစည်းများကပင် ဆင်းရဲသောနိုင်ငံများ၏ ပြဿနာအထွေထွေအတွက် အကြံပေးလမ်းညွှန် လုပ်နေကြသည်။ အဆိုပါဘောဂဗေဒသမားသောတုဇနများမှာ ထက်မြက်တက်ကြွသူများဖြစ်သည်မှာ မှန်ပါသည်။ သူတို့ထဲမှ တော်တော်များများကို ကျွန်တော်ကိုယ်တိုင် လေ့ကျင့်သင်ကြားပေးခဲ့ဖူးသည်ဖြစ်ရာ ဤအချက်ကို သံသယမရှိ ယုံကြည်ပါသည်။ သို့နှင့်တိုင် သူတို့အလုပ်လုပ်နေကြသော အဖွဲ့အစည်းများအနေနှင့် သူတို့တာဝန်ယူ ဆောင်ရွက်နေကြရသော တိုင်းပြည်များ၏ပြဿနာများကို **မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်နိုင်ပါမည်လော။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် "နိုး"ဟူ၍သာ ရေးရပါလိမ့်မည်။ ဖွံ့ဖြိုးရေးဘောဂဗေဒဘာသာရပ်အနေနှင့် ခေတ်သစ်ဆေးပညာလို လက်တွေ့ကျကျ ထဲထဲဝင်ဝင် လက်ကြောတင်းတင်း အလုပ်လုပ်နိုင်ဖို့ဆိုလျှင် "အထွေထွေ စိစစ်ပြုပြင် ပြောင်းလဲမှုများ" မလွှဲမသွေ လုပ်ဖို့ လိုလိမ့်မည်ဟု သဘောရပါသည်။**

ယနေ့ဖွံ့ဖြိုးရေးဘောဂဗေဒမှာ ၁၈ ရာစုဆေးပညာနှင့် တစ်နည်းအားဖြင့် တူသည်ဟု ထင်သည်။ ထိုစဉ်က ဆရာဝန်များမှာ လူနာထံမှ သွေးထုတ်ဖို့ လိုအပ်လျှင် "မျှော့"တွေသုံးပြီး သွေးစုပ်စေသည်။ ဤသို့လုပ်ရင်း လူနာပါ အသက်ပျောက်ရသည်များလည်း မကြာခဏ ကြုံကြရသည်။ ယနေ့ ဖွံ့ဖြိုးရေးဘောဂဗေဒသမားများရော ဘာထူးသနည်း။ လွန်ခဲ့သော ၂၅ နှစ်တာကာလအတွင်း ဆင်းရဲသောနိုင်ငံများက ချမ်းသာသောနိုင်ငံကြီးများကို အကူအညီတောင်းခံခဲ့ကြရာ ၎င်းတို့က "အိုင်အမ်အက်ဖ်"ဟု အမည်တွင်သော "ငွေကြေးအထူးကုဆရာဝန်"ကို စေလွှတ်ခဲ့ကြသည်။ ဤတွင် ဒေါက်တာ အိုင်အမ်အက်ဖ်က သူ့လူနာကို "ဘတ်ဂျက်ခါးပတ် တင်းတင်းပတ်"ဟု ဆေးအညွှန်းပေးလိုက်သည်။ လူနာခများ ဆင်းရဲတွင်းနက်လွန်းလှ၍ ကိုယ်ပိုင်ဘတ်ဂျက်ခါးပတ်ပင်မရှိသည်ကို ဆရာဝန် အိုင်အမ်အက်ဖ်က မသိ။ ဤသည်မှာ ပုံပြင်မဟုတ် တကယ့်ဖြစ်ရပ်ဖြစ်သည်။

အိုင်အမ်အက်ဖ် ဦးဆောင်သော ဆိုခဲ့ပါ ခြိုးခြံချွေတာရေးကုထုံးများကြောင့် အဓိကရုဏ်းများ၊ နိုင်ငံရေးမငြိမ်သက်မှုများ မကြာခဏဆိုသလို ကြုံခဲ့ရသည်။ **နောက်ဆုံး အစိုးရဝန်ဆောင်မှုလုပ်ငန်းများပင် ပြိုကျသလောက် ဖြစ်ကုန်ရသည်။ လူမှုရေး ကသောင်းကနင်းများ၊ စီးပွားရေးအတိဒုက္ခများကြားတွင် အိုင်အမ်အက်ဖ်ပရိုဂရမ်များ အဟောသိကံဖြစ်ခဲ့ရသည်ကသာ များပါသည်။** ဤသို့ထင်တိုင်း မပေါက်သည့်အခါတိုင်း ဒေါက်တာအိုင်အမ်အက်ဖ်က **သက်ဆိုင်ရာနိုင်ငံအစိုးရ၏ အားနည်းချက်များ၊ ကျွမ်းကျင်လိမ္မာမှုမရှိသည်များကိုသာ ဆွဲထုတ်ပြပြီး တရားခံရှာတော့သည်။** သည်လိုနှင့်နောက်ဆုံးအလုပ်မဖြစ်သော ကုထုံးနှင့်ချဉ်းကပ်မှုများကို အိုင်အမ်အက်ဖ်ကိုယ်တိုင်က စတင်ပြောင်းလဲဖို့ လုပ်လာရသည်။ ဆင်းရဲသောနိုင်ငံများနှင့် ပတ်သက်ပြီး ထိရောက်သောချဉ်းကပ်မှုများကို ရှာဖွေဖော်ထုတ်ဖို့ စိုင်းပြင်းလာသည်။ အကောင်းဘက်သို့ဦးတည်သော လှုပ်ရှားမှုဖြစ်၍ ကြိုဆိုရမည်ဖြစ်ပါသည်။

"ကောင်းမွန်မှန်ကန်သော ဖွံ့ဖြိုးရေးဘောဂဗေဒ" ဆိုသည်ကို သဘောပေါက်နားလည်ရန် ကျွန်တော့်အတွက် အနှစ် ၂၀ မျှ အချိန်ယူခဲ့ရသည်။ ယခုထိပြည့်စုံသေးသည်မဟုတ်ပါ။ ဆက်လက်လေ့လာနေရဆဲသာဖြစ်သည်။ ကျွန်တော်နှင့် ကျွန်တော်တာဝန်ယူရသော တိုင်းပြည်များအတွက် ကံကောင်းသည်ဟု ဆိုနိုင်သည့်အချက်မှာ ကျွန်တော်၏အကြံပေးအလုပ်စတင်ခါစကပင် ပုံမှန်ကျောင်းပညာမျှဖြင့် မလုံလောက်နိုင်သည်ကို သဘောပေါက်နေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်၏ ဘွဲ့လွန်သင်တန်းများတွင် ဆင်းရဲမှုတိုက်ဖျက်ရေးအတွက် အရေးကြီးသော လက်နက်ကိရိယာများအကြောင်းကို သင်ယူခဲ့ရပါသည်။ သို့သော် ဤလက်နက်ကိရိယာများလက်တွေ့အသုံးချရမည့် ဆက်စပ်အခြေအနေများအကြောင်းကိုမူ ဘာမျှမသင်ခဲ့ရပါ။ ဘာမျှမသိ။ အဆိုပါလက်နက်ကိရိယာများကို သင့်တင့်လျောက်ပတ်စွာ အသုံးပြုနိုင်မှသာ ထိရောက်မှုရှိနိုင်သည်ကိုလည်း နောက်ပိုင်းကျမှ နားလည်ခဲ့ရသည်။ ဆင်းရဲတွင်းနစ်နေပြီး အကျပ်အတည်းဆိုက်နေသော တိုင်းပြည်များအတွက် အတိဒုက္ခမျိုးစုံမှ အောင်မြင်စွာကျော်လွှားနိုင်ဖို့ဆိုလျှင် နောက်ထပ် လက်နက်ကိရိယာနှင့် လုပ်ထုံးလုပ်နည်းသစ်များ ထပ်ဖြည့်ဖို့လိုသေးသည်ကိုလည်း နှစ်ပေါင်းများစွာကြာမှသာ သဘောပေါက်နားလည်ခဲ့ရသည်။ ဤသည်ပင် ကျွန်တော်ကိုယ်တိုင် ဖြတ်သန်းခဲ့ရသော တကယ့်အတွေ့အကြုံဖြစ်ပါသည်။

ဆိုခဲ့ပါ အတွေ့အကြုံများကို စုစည်းချုပ်ယူ၍ ဖွံ့ဖြိုးရေးဘောဂဗေဒအတွက် နည်းနာသစ်တစ်ရပ်ကို အဆိုပြုလိုက်ပါသည်။ ဤနည်းကို "လက်တွေ့ကုသရေးဆိုင်ရာဘောဂဗေဒ"ဟု အမည်ပေးလိုသည်။ ကောင်းမွန်မှန်ကန်သော ဖွံ့ဖြိုးရေးဘောဂဗေဒနှင့် ကောင်းမွန်မှန်ကန်သော လက်တွေ့ကုသရေးဆေးပညာတို့ကြား တူညီမှုများကို မီးမောင်းထိုးပြလို၍ ဤသို့အမည်ပေးရခြင်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း "အကျပ်အတည်းမျိုးစုံ ဖိစီးနေသော စီးပွားရေးလူနာများ"အတွက် ကုသရေးဆေးညွှန်းဖော်စပ်ပေးရန် ကျွန်တော့်ကို ဖိတ်ကြားတောင်းခံခဲ့သည်များ ရှိခဲ့သည်။ ခက်နေသည်မှာ ကျွန်တော့်တွင် အသင့်အသုံးချနိုင်သော ဆေးညွှန်းကမရှိ။ ကျွန်တော်ပညာရှာဖွေခဲ့ရာ တက္ကသိုလ်ကျောင်းကြီးများကလည်း ကျွန်တော့်ကို ဆေးညွှန်းအတိအကျပေးခဲ့သည်မဟုတ်။

ပြောရလျှင် ကျွန်တော့်ဇနီး ကလေးအထူးကုဆရာဝန်ဆိုနီယာ၏ ကုထုံးများကို စောင့်ကြည့်လေ့လာရင်းမှ ဉာဏ်အလင်းရလိုက်ခြင်းဖြစ်ပါသည်။ ဆိုနီယာက လူနာကို ချဉ်းကပ်နည်းမျိုးစုံဖြင့် စမ်းသပ်သည်။ ပြီးမှ ရောဂါစစ်တမ်းပြုစုပြီး လိုအပ်သော ကုထုံးကို သတ်မှတ်သည်။ အနာနှင့်ဆေး တွေ့သွားသည်နှင့် သူ့လူနာတွေ ရောဂါပျောက်ကုန်သည်။ သူ၏ လုပ်ပုံကိုင်ပုံတွေကို သန်းခေါင်သန်းလွဲထိ စောင့်ကြည့်ရင်း ကျွန်တော့်မှာ အံ့သြနေရတော့သည်။ သူ၏ ဆေးပညာအတွေ့အကြုံနှင့် ကျွန်တော်ရင်ဆိုင်နေရသော ဖွံ့ဖြိုးရေးဘောဂဗေဒပြဿနာများကို ကိုင်တွယ်ရလျှင် ဘယ်လိုနေမည်နည်းဟု အကြိမ်ကြိမ်တွေးဆမိသည်။ သည်လိုနှင့် အံ့သြဖွယ်ကောင်းလောက်အောင် မနီးယိုးစွဲနေသည်များကို သတိပြုဆင်ခြင်မိတော့သည်။

စင်စစ် ယနေ့ဖွံ့ဖြိုးဆဲဘောဂဗေဒမှာ ခေတ်သစ်ဆေးပညာနှင့် တစ်ထပ်တည်းကျ တူညီသည်တော့မဟုတ်ပါ။ သို့နှင့်တိုင် သူတို့အတွေ့အကြုံကိုယူပြီး အားထုတ်ကြည့်လျှင် ကျွန်တော်တို့အတွက် အကျိုးများဖွယ်ရာ ရှိလိမ့်မည်ထင်သည်။ ခေတ်သစ်ဆေးပညာ၏ အဓိကအကျဆုံး အတွေ့အကြုံများကိုသာ သင်ခန်းစာယူနိုင်လျှင် ကျွန်တော်တို့၏ ဖွံ့ဖြိုးရေးဘောဂဗေဒ ဘာသာရပ် အလွန်လျင်မြန်စွာ ဖွံ့ဖြိုးလာနိုင်စရာရှိသည်။ ဤနေရာတွင် ခေတ်သစ်ဆေးပညာအတွေ့အကြုံဆိုသည်မှာ အခြေခံဆေးပညာသာမက လက်တွေ့ကုသရေးစနစ်များကိုပါ ဆိုလိုရင်းဖြစ်သည်။ ပြဿနာ၏သော့ချက်မှာ လူနာအတွက် အခိုင်အမာ ဆေးညွှန်းဖော်စပ်ပေးနိုင်ဖို့ ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် **အနာနှင့်ဆေး ဒက်ထိတိုးမိဖို့ ဖြစ်ပါသည်။**

**❖ ဤစာသည် စာအုပ်အညွှန်းဖြစ်ရန် မရည်ရွယ်ပါ။ ချစ်ခင်ရင်းနှီးသော စာဖတ်သူချင်း မိမိဖတ်ရှုတွေ့မြင်ရသော စာအုပ်ကောင်းတစ်အုပ်ကိုဖတ်ဖြစ်အောင် ဖတ်ကြည့်စေလိုသောစေတနာဖြင့် ဖော်ပြလက်တို့လိုက်ခြင်းမျှသာ ဖြစ်ပါမည်။ ပြည့်ပြည့်စုံစုံ ရေးမပြနိုင်ပါ။ ဝေဖန်ချက်၊ သုံးသပ်ချက်လည်း မပေးလိုပါ။ (စာမြည်း နမူနာအဖြစ် စာမျက်နှာ လေး၊ ငါး မျက်နှာကိုတော့ ကူးရေးတင်ပြအပ်ပါသည်)။ ကြိုက်ခြင်း မကြိုက်ခြင်းအစွဲလည်း မပါရှိပါ။ စာဖတ်သူလည်း မိမိနည်းတူ ဆက်၍စဉ်းစားနိုင်အောင်၊ တွေးစရာပေါ်အောင်၊ အစလေး ဖော်ပေးရုံမျှသာ ရည်ရွယ်ပါသည်။❖**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ စပါး ၆၈၂၉၇ ဧက စိုက်ပျိုးမည်




**ပုသိမ် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထား ၆၈၂၉၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးလျာထား ၆၈၂၉၇ ဧကကို ယခုနှစ် ဇွန်လ တတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဒီနှစ် မိုးစပါးကို ၆၈၂၉၇ ဧကလျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးစပါးတွေစိုက်ပျိုးဖို့အတွက် တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ စပါးအတွက် မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူ ဆောင်ရွက်ပေးထားပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးမည့်မိုးစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေ့ခရုဖျက်ဆီးမှု မရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မိုးစပါး ၆၈၂၉၇ ဧကကို အောင်တက်၊ လှေကြီးတက်၊ ငဝန်ဒေါင့်ကြီး၊ ရွှေတောင်ကြီးကုန်း၊ ဇီးဖြူကွင်း၊ ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ကွင်းကောက် စသည့်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်အောင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဟတ်ပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၅၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## စည်းလုံးခြင်းသည် အင်အား

- သွေးမကွဲ တို့တစ်တွေ
ညီစေနော် မုန်းမဖက်၊
ဘေးရန်စွယ် ကင်းစင်ရေးကိုဖြင့်
အလေးထားဆောင်ရွက်။

- တာဝန်ကိုယ်စီ အပြုံးမပျက်လို့
ရှေ့ဆက်ကြညီတူ
ရိုင်းပင်းကာ ကူ၊
ကမ်းလင့်လက်တို့ ဖေးကာထူ
လဲနေသူ ဖော်ဆွေများ၊
ပြန်လည်ကာ ထူထောင်ရေးအတွက်
အားပေးစိတ်ထား။

- စည်းလုံးခြင်းသည် အင်အားမို့
အသိတရားနဲ့ ထမ်းဆောင်မယ်၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
ကျိုးများဖို့ရယ်၊
မျိုးချစ်စိတ်တို့ အရောင်မပြယ်
သယ်ပိုးကာ ယှဉ်တွဲ၊
ပြည်မြန်မာ ဂုဏ်ရောင်ဖြိုးအောင်ပ
ကြိုးစားစဉ်မြဲ။ ။

**ပိုင်ဆု(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသများသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်

**ဒေလီ ဇွန် ၈**

ပါဟယ်လ်နယ်မြေ၌ ယခုနှစ် ဧပြီ ၂၂ ရက်တွင် အကြမ်းဖက် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဂျမ္မူ နှင့်ကက်ရှ်မီးယား ဒေသများသို့ ပထမဆုံးအကြိမ် ဇွန် ၆ ရက်တွင် သွားရောက်ခဲ့ကြောင်း သိရသည်။

ဂျမ္မူနှင့်ကက်ရှ်မီးယားဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်း မည်ဖြစ်ကြောင်း ဂျမ္မူနှင့်ကက်ရှ် မီးယားခရီးစဉ်အတွင်း အိန္ဒိယ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယင်းအပြင် ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြင့် ပါက စ္စတန်နိုင်ငံသည် ဂျမ္မူနှင့်ကက်ရှ် မီးယား ပြည်သူများ၏ဘဝကို ဖျက်ဆီးနေကြောင်း အိန္ဒိယ ဝန်ကြီးချုပ်က ဝေဖန်ခဲ့သည်။

ဂျမ္မူနှင့် ကက်ရှ်မီးယားခရီးစဉ် အတွင်း ဝန်ကြီးချုပ်မိုဒီသည် ယင်း ဒေသ၌အကောင်အထည်ဖော်မည့် အခြေခံအဆောက်အအုံစီမံကိန်း များကိုလည်း စတင်အုတ်မြစ်ချပေး ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံအဆောက် အအုံစီမံကိန်းများထဲတွင် ကက်ရှ် မီးယားတောင်ကြားဒေသနှင့် ကျန် အိန္ဒိယဒေသများကို ချိတ်ဆက် ပေးမည့် အမေရိကန်ဒေါ်လာ ငါး ဘီလီယံတန်ဖိုးရှိ ရထားလမ်း စီမံကိန်းလည်း ပါဝင်ကြောင်း သိရသည်။

ဧပြီ ၂၂ ရက် ကက်ရှ်မီးယား ဒေသ အကြမ်းဖက်တိုက်ခိုက်မှုကို အကြောင်းပြု၍ အိန္ဒိယနှင့် ပါကစ္စ တန်တို့သည် ပြီးခဲ့သည့်လအတွင်း စစ်ရေးပဋိပက္ခများ လေးရက်ကြာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ကိုလံဘီယာအထက်လွှတ်တော်အမတ် သေနတ်ဖြင့် ပစ်ခတ်ခံရ

**ဘိုဂိုတာ ဇွန် ၈**

ကိုလံဘီယာသမ္မတရွေးကောက် ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်သူတစ်ဦး ဖြစ်လာနိုင်သော အထက် လွှတ်တော်အမတ် မီဂွဲလ်ယူရစ်မှာ ဇွန် ၇ ရက်က ဘိုဂိုတာမြို့၌ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အသက် ၃၉နှစ်အရွယ် အထက်လွှတ်တော် အမတ် မီဂွဲလ်ယူရစ်ကို ဆေးရုံ၌ ဆရာဝန်များက အသက်လုကုသ နေရကြောင်း ကိုလံဘီယာအစိုးရ က သတင်းထုတ်ပြန်ထားသည်။

မီဂွဲလ်ယူရစ်သည် သမ္မတ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ရေး ကြိုးပမ်းမှုအစီအစဉ်အရ ဘိုဂိုတာ မြို့၌ ကျင်းပခဲ့သော အခမ်းအနား တစ်ခုတွင် သေနတ်ဖြင့် ပစ်ခတ် ခံခဲ့ရခြင်းဖြစ်သည်။

အထက်လွှတ်တော်အမတ် မီဂွဲလ်ယူရစ်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူအဖြစ် ယူဆရသည့် အမျိုးသားတစ်ဦးကို အခင်းဖြစ်ရာ နေရာမှာပင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားသည်။

မီဂွဲလ်ယူရစ်သေနတ်ဖြင့် ပစ် ခတ်ခံရမှုနှင့်ပတ်သက်ပြီး သတင်း ပေးနိုင်သူများကို ဆုတော်ငွေ အမေရိကန်ဒေါ်လာ ၇၃၀၀၀၀ပေး မည်ဖြစ်ကြောင်း ကိုလံဘီယာ အစိုးရက ကြေညာထားသည်။

မီဂွဲလ်ယူရစ်သည် အတိုက်အခံ ကွန်ဆာဗေးတစ် ဒီမိုကရက်တစ် ပါတီကို ကိုယ်စားပြု၍ ၂၀၂၆ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ရန် ရည်ရွယ်ထားသူဖြစ် ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်-အမေရိကန် ဒုတိယအကြိမ် ကုန်သွယ်ရေးဆွေးနွေးပွဲ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် တက်ရောက်မည်



**လန်ဒန် ဇွန် ၈**

လန်ဒန်မြို့၌ ကျင်းပမည့် တရုတ်-အမေရိကန် ဒုတိယအကြိမ် ကုန်သွယ်ရေးဆွေးနွေးပွဲ၌ ပါဝင် ရန် ဒုတိယဝန်ကြီးချုပ် ဟီလီဖန် ကို စေလွှတ်ရန် တရုတ်အစိုးရက စီစဉ်ထားကြောင်း ဇွန် ၇ ရက် သတင်းများတွင် ရေးသားဖော်ပြ ထားသည်။

တရုတ်-အမေရိကန်ကုန်သွယ် ရေးဆွေးနွေးပွဲကို လန်ဒန်မြို့၌ ဇွန် ၁၃ ရက်တွင် ကျင်းပရန် စီစဉ် ထားသည်။

ယခုနှစ် မေလအတွင်း ကျင်းပ ခဲ့သည့် တရုတ်-အမေရိကန် ကုန်သွယ်ရေး ဆွေးနွေးပွဲတွင် လည်း ဒုတိယဝန်ကြီးချုပ် ဟီလီဖန် ကပင် တရုတ်ကိုယ်စားလှယ်အဖွဲ့ ကို ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၃ ရက် ဆွေးနွေးပွဲ၌ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို ဘဏ္ဍာရေးဝန်ကြီး စကော့ဘက် ဆန့်၊ ကုန်သွယ်ရေးဝန်ကြီး ဟိုးဝပ် လပ်နစ်ခ်တို့က ဦးဆောင်မည် ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင် တို့ ဇွန် ၅ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ပြီးနောက် ဒုတိယ အကျော့ကုန်သွယ်ရေးဆွေးနွေးပွဲ များ ကျင်းပရန် တရုတ်နှင့် အမေရိကန်နိုင်ငံတို့က စီစဉ်ထား ခြင်းဖြစ်သည်။

ဒုတိယအကြိမ် ကုန်သွယ် ရေးဆွေးနွေးပွဲ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ် ဟီလီဖန်အနေ ဖြင့် ဇွန် ၈ ရက်မှ ၁၃ ရက်ထိ ဗြိတိန်သို့ သွားရောက်မည်ဖြစ် ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားသည်။

Ref : Xinhua

Trs : KKO

# လော့စ်အိန်ဂျလိစ်ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ရန် အမေရိကန်အစိုးရစီစဉ်

**နယူးယောက် ဇွန် ၈**

လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွား နေသည့် လူဝင်မှုမူဝါဒဆန့်ကျင် ရေးဆန္ဒပြပွဲများကို ထိန်းချုပ်ရေး အတွက် အမျိုးသားအစောင့်တပ်ဖွဲ့ ဝင် ဦးရေ ၂၀၀၀ကို စေလွှတ် ဖြန့်ကြက်ရန် အမေရိကန်အစိုးရ က စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရ လူဝင်မှု ကြီးကြပ်ရေးဌာနနှင့် အကောက်ခွန် ဌာနတာဝန်ရှိသူများက ဇွန် ၆ ရက် ညပိုင်းတွင် လော့စ်အိန်ဂျလိစ် မြို့တွင်း၌ စီးနင်းမှုများပြုလုပ်၍ လူပေါင်း ၄၄ ဦးကို လူဝင်မှုဥပဒေ များချိုးဖောက်မှုဖြင့် ဖမ်းဆီးခဲ့ပြီး နောက် ဇွန် ၇ ရက်မှစ၍ လော့စ် အိန်ဂျလိစ်မြို့၌ ဆန္ဒပြပွဲများစတင် ဖြစ်ပွားခဲ့သည်။

ဇွန် ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများတွင် ဆန္ဒပြသမားများ နှင့် ဖက်ဒရယ်လုံခြုံရေးတပ်ဖွဲ့ဝင် များကြား ပဋိပက္ခများဖြစ်ပွား ခဲ့သည်။

လက်ရှိအချိန်တွင် လော့စ်အိန် ဂျလိစ်မြို့၌ဖြစ်ပွားနေသည့် ဥပဒေ မဲ့လုပ်ရပ်များကို တားဆီးရေး အတွက် အမျိုးသားအစောင့်တပ်ဖွဲ့ ဝင် ၂၀၀၀ ဖြန့်ကြက်ရေးအမိန့် ဒီကရီတစ်ရပ်ကို သမ္မတ ဒေါ်နယ် ထရန့်က လက်မှတ်ရေးထိုးထား ကြောင်း အိမ်ဖြူတော်ကသတင်း ထုတ်ပြန်ထားသည်။

အဆိုပါ အမျိုးသားအစောင့် တပ်ဖွဲ့ဝင် ၂၀၀၀ကို ဇွန် ၇ ရက်မှ စ၍ လော့စ်အိန်ဂျလိစ်သို့ စေလွှတ် မည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြား ထားသည်။

လက်ရှိဖြစ်ပွားနေသော ပြဿနာ များကို ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် လော့စ်အိန် ဂျလိစ်မြို့တော်ဝန်တို့က မဖြေရှင်း နိုင်ပါက ဖက်ဒရယ်အစိုးရ အနေဖြင့် ကြားဝင်ရလိမ့်မည်ဖြစ် ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

# ဂျပန်၌ နျူကလီးယားဓာတ်ပေါင်းဖိုများကို နှစ် ၆၀ အထက်လည်ပတ်ခွင့်ဥပဒေ စတင်အာဏာသက်ဝင်

**တိုကျို ဇွန် ၈**

နျူကလီးယား ဓာတ်ပေါင်းဖို များအား နှစ်ပေါင်း ၆၀ ကျော်ထိ လုပ်ငန်းလည်ပတ်ခွင့် ပေးထား သောဥပဒေတစ်ရပ်သည် ဇွန် ၆ ရက်တွင် ဂျပန်နိုင်ငံ၌ စတင် အာဏာသက်ဝင်ခဲ့ပြီဖြစ်သည်။

ဖူကူရှီးမားနျူကလီးယားကပ် ဘေးဖြစ်ပွားခဲ့ပြီး ၁၄ နှစ်အကြာ တွင် နျူကလီးယားဓာတ်ပေါင်းဖို များ၏ လုပ်ငန်းလည်ပတ်မှု သက်တမ်းကို တိုးမြှင့်ပေးထား သည့်ဥပဒေ ဂျပန်နိုင်ငံ၌ စတင် အာဏာသက်ဝင်ခဲ့ခြင်းဖြစ်သည်။



ဂျပန်အစိုးရသည် ဖူကူရှီးမား နျူကလီးယားကပ်ဘေးပေါ်ပေါက် ခဲ့ပြီးနောက် နျူကလီးယားဓာတ် ပေါင်းဖိုအများအပြားကို ရပ်ထား ရပြီး ရပ်ကြွင်းလောင်စာအပေါ် ပို၍မှီခိုအားပြုခဲ့ရသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ သည် စွမ်းအင်လိုအပ်ချက်ပြည့်မီ ရေးအတွက် နျူကလီးယား စွမ်းအင်ထုတ်လုပ်မှုကိုမြှင့်တင်ရန် စီစဉ်ထားသည်။

နျူကလီးယား ဓာတ်ပေါင်းဖို များအား နှစ်ပေါင်း ၆၀ ထိသာ လည်ပတ်ခွင့် ကန့်သတ်ချက်ကို ဂျပန်အစိုးရက ဖူကူရှီးမားနျူကလီး ယားကပ်ဘေး ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း စတင် ကျင့်သုံးခဲ့သည်။

၂၀၁၁ခုနှစ် မြေငလျင်ကပ်ဘေး နှင့် ဆူနာမီကပ်ဘေးတို့ကြောင့် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဖူကူ ရှီးမား နျူကလီးယားဓာတ်အား ပေးစက်ရုံရှိ ဓာတ်ပေါင်းဖိုများ အပူလွန်ကဲ၍ နျူကလီးယား ကပ်ဘေးပေါ်ပေါက်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew Dragon အာကာသလူသယ်ယာဉ် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ် (၃၉) အေသို့ ရောက်ရှိနေပြီဖြစ်




**ဝါရှင်တန် ဇွန် ၈**

Space-X ကုမ္ပဏီက ဇွန် ၁၀ ရက်တွင် လွှတ်တင်မည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ် (၃၉) အေ သို့ရောက်ရှိနေပြီဖြစ်ကြောင်း ဇွန် ၇ ရက်သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် AX-4 အမည်ရှိ မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကို Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

AX-4 မစ်ရှင် Crew Dragon အာကာသလူသယ်ယာဉ်ကို ဇွန် ၁၀ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကနေဒီ အာကာသစခန်း ပစ်စင်အမှတ် (၃၉)အေ မှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

AX-4 မစ်ရှင်အတွက် Space-X ကုမ္ပဏီက အသုံးပြုမည့် Crew Dragon အာကာသလူသယ်ယာဉ်သည် အာကာသခရီးစဉ်ပျံသန်းဖူးခြင်းမရှိသည့် အာကာသလူသယ်ယာဉ်သစ်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် AX-4 အာကာသယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ သီတင်းနှစ်ပတ်ကြာနေထိုင်၍ သိပ္ပံပညာစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

AX-4 မစ်ရှင်သည် Axiom ကုမ္ပဏီနှင့် Space-X ကုမ္ပဏီတို့ ပူးတွဲစီစဉ်သည့် စတုတ္ထမြောက် နိုင်ငံတကာ အာကာသစခန်း ပုဂ္ဂလိကခရီးစဉ်ဖြစ်သည်။

Ref : Russia Today

Trs : KKO

## တရုတ်နိုင်ငံ၏ တီယန်ဝန်-၂ အာကာသယာဉ်က ပတ်လမ်းပေါ်၌ ပျံသန်းနေဆဲဖြစ်ပြီး လက်ရှိတွင် ကမ္ဘာမြေနှင့် ကီလိုမီတာသုံးသန်းအကွာသို့ ရောက်ရှိနေ


**ပေကျင်း ဇွန် ၈**

တရုတ်နိုင်ငံ၏ တီယန်ဝန်-၂ အာကာသယာဉ်သည် ပတ်လမ်းပေါ်၌ ပျံသန်းနေဆဲဖြစ်ပြီး လက်ရှိတွင် ကမ္ဘာမြေနှင့် ကီလိုမီတာသုံးသန်းအကွာသို့ ရောက်ရှိနေကြောင်း ဇွန် ၇ ရက်သတင်းများအရ သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် ခရီးစဉ်ရည်မှန်းချက်ဖြစ်သည့် 2016 HO 3 အမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ဆက်လက်ပျံသန်းနေကြောင်းတရုတ်အမျိုးသားအာကာသအေဂျင်စီက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် 2016 HO 3 ဂြိုဟ်သိမ်ပေါ်မှ ကျောက်သားနမူနာများကို ရယူရေးအတွက် တီယန်ဝန်-၂ အာကာသယာဉ်ကို မေ ၂၉ ရက်တွင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး ဂြိုဟ်သိမ်နမူနာ ကောက်ယူရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။



တီယန်ဝန်-၂ အာကာသယာဉ်သည် ၂၀၂၆ ခုနှစ် နွေရာသီတွင် အရွယ်အစားအားဖြင့် အချင်း မီတာ ၄၀ မှ ၁၀၀ ထိ ရှိနိုင်သော 2016 HD 3 ဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

2016 HO 3 ဂြိုဟ်သိမ်သည် အနီးဆုံးမှတ်တွင် ကမ္ဘာဂြိုဟ်နှင့် ကီလိုမီတာ ၁၄ ဒသမ ၅ သန်းကွာဝေးပြီး အဝေးဆုံးမှတ်တွင် ကီလိုမီတာ ၃၈ ဒသမ ၆ သန်း ကွာဝေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Space-X ကုမ္ပဏီက စီးရီးယပ်စ်အိတ်စ်အမ်ကုမ္ပဏီ၏ SXM-10 ဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီသည် စီးရီးယပ်စ်အိတ်စ်အမ်ကုမ္ပဏီ၏ SXM-10 အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို ဇွန် ၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် SXM-10 ဆက်သွယ်ရေးဂြိုဟ်တုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃၃ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် SXM-10 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် Space-X ကုမ္ပဏီက ခြောက်လတာကာလအတွင်း လွှတ်တင်ပေးခဲ့သော ဒုတိယမြောက် SXM-10 ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဇွန် ၇ ရက် SXM-10 မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် ၆၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆီးချိုရောဂါလူနာများ၌ GLP-1 ဆေးများကြောင့် RMO မျက်စိရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**အော့တဝါ ဇွန် ၈**

ကိုယ်အလေးချိန်လျှော့ချရေး ဆေးများကြောင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ အသက်အရွယ်နှင့်ဆက်စပ်သော အမြင်အာရုံ ထိခိုက်ပျက်စီးမှုရောဂါ (AMD) ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်ဟု ဇွန် ၇ ရက် သတင်းများအရ သိရသည်။

ဆီးချိုရောဂါလူနာများအတွက် ထုတ်လုပ်ထားသည့် Ozempic နှင့် Wegovy ကဲ့သို့သော GLP-1 အုပ်စုဝင်ဆေးများသည် အဝလွန်မှုပြဿနာကို ဖြေရှင်းရာတွင် ထိရောက်မှုရှိပြီး အခြားကျန်းမာရေး အကျိုးကျေးဇူးများကိုလည်း ပေးနိုင်သည့် ဆေးများဖြစ်ကြသည်။

သို့ရာတွင် ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများကြောင့် ဆီးချိုရောဂါလူနာများ၌ AMD မျက်စိရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲသူ သက်ကြီးပိုင်းဆီးချိုလူနာများအနေဖြင့် ၎င်းဆေးများမသုံးစွဲသူ ဆီးချိုလူနာများနှင့် နှိုင်းယှဉ်ပါက ဆေးသုံးစွဲပြီး ခြောက်လအကြာတွင် AMD မျက်စိရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း၊ ကနေဒါ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၆ နှစ်အရွယ် ဆီးချိုရောဂါလူနာ ၄၆၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို ပုံမှန်စားခြင်းဖြင့် နှလုံးရောဂါနှင့် ဆီးချိုရောဂါတို့ကို တားဆီးနိုင်

**နယူးယောက် ဇွန် ၈**

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အစေ့အဆန်များကို ပုံမှန်စားသုံးခြင်းဖြင့် နှလုံးရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါများကိုတားဆီးနိုင်ဖွယ်ရှိကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

အထက်ပါ အစားအစာများထဲတွင်ပါဝင်သည့် Phytosterols ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ဆဲလ်များ၏ ဇီဝဓာတုပြောင်းလဲမှုဖြစ်စဉ်များကို မြှင့်တင်ပေးနိုင်ပြီး ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အထက်ပါဂုဏ်သတ္တိများအရ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အစေ့အဆန်များကို ပေါင်းစပ်စားသုံးခြင်းဖြင့် နှလုံးရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Phytosterol ဓာတုဒြပ်ပေါင်းသည် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင် တုံ့ပြန်အားကိုလည်း ထိန်းညှိပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

Phytosterols ဓာတုဒြပ်ပေါင်းသည် အပင်ထွက် အစားအစာတိုင်းတွင် ပါဝင်တတ်သော်လည်း ပြန်လည်ချက်လုပ်မှုမရှိသေးသည့် အပင်ထွက် အဆီဓာတ်များတွင် ပါဝင်မှု အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀၀၀ ကျော်တို့၏ စားသောက်မှုပုံစံများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## မာဆေးအသင်းတိုက်စစ်မှူး ဟန်းရစ်ကို အင်တာမီလန်အသင်းခေါ်ယူ

မီလန် ဇွန် ၈

အင်တာမီလန် အသင်းသည် ပြင်သစ်လီဂူးကလပ် မာဆေးအသင်းမှ တိုက်စစ်မှူး ဟန်းရစ်ကို အပြီးသတ် လက်မှတ်ရေးထိုး ခေါ်ယူခဲ့ကြောင်း သိရသည်။

အင်တာမီလန်အသင်း အနေဖြင့် တိုက်စစ်မှူးဟန်းရစ်ကို ခေါ်ယူရာတွင် အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း အီတလီမီဒီယာများက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို ၂၃ သန်းပေးချေခဲ့ရပြီး ခြေစွမ်းပိုင်းပေါ်မူတည်ကာ အပိုဆုကြေး ယူရိုသုံးသန်း ပါဝင်ခဲ့သဖြင့် စုစုပေါင်း ယူရို ၂၅ သန်းထိ အသုံးပြုရခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

တိုက်စစ်မှူး ဟန်းရစ်သည် ကစားသမားဘဝကို ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းတွင် စတင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်က မာဆေးအသင်းသို့ ပြောင်းရွှေ့ခဲ့ရာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၈ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အမှတ်ပေးဇယား အဆင့်(၂)သို့ ရောက်ရှိအောင် ၎င်း၏ခြေစွမ်းများဖြင့် ပါဝင်ကူညီနိုင်ခဲ့ကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတိုက်စစ်ပိုင်း အားနည်းမှုကို ထပ်မံဖြည့်တင်းရန် ဆုံးဖြတ်ခဲ့သကဲ့သို့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင်လည်း ဒုတိယနေရာဖြင့်သာ ပြီးဆုံးခဲ့သောကြောင့် လာမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဟန်းရစ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အင်တာမီလန် အသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် လာမည့် ဇွန် ၁၇ ရက်တွင် မက္ကဆီကိုကလပ် မွန်တာရေးအသင်းနှင့် အုပ်စုအဖွင့်ပွဲ ကစားအပြီးတွင် ဂျပန်ကလပ် အူရာဝါရက်အသင်း၊ အာဂျင်တီးနားကလပ် ရေဗားပလိတ် အသင်းတို့နှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



## UFC 316 ဖလိုင်းဝိတ်တန်းစိန်ခေါ်ပွဲတွင် ဂျိုရှုအာဗန်က ဘရူနိုဆေးလ်ဗားကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ

နီဝက်ခ် ဇွန် ၈

UFC 316 ဖလိုင်းဝိတ်တန်း စိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် မြန်မာဖိုက်တာ ဂျိုရှုအာဗန်နှင့် ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗားတို့ ယနေ့တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝက်ခ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂျိုရှုအာဗန်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



ဂျိုရှုအာဗန်သည် ပထမအချီမှ စတင်၍ ဘရူနိုဆေးလ်ဗားအား ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ပထမအချီနှင့် ဒုတိယအချီတို့အတွင်း ဘရူနိုဆေးလ်ဗားအား အကြိမ်ကြိမ် လဲကျအောင် ထိုးသတ်နိုင်ခဲ့သည်။

ဘရူနိုဆေးလ်ဗားသည် ယုံကြည်မှုအပြည့်ဖြင့် ဂျိုရှုအာဗန်အား ဖွင့်ထိုးကာ ဖိအားပေးနိုင်ရန် ကြိုးစားခဲ့သော်လည်း ဂျိုရှုအာဗန်၏မြန်ဆန်သည့်ဘယ်ညာထိုးချက်များကြောင့် ဘရူနိုဆေးလ်ဗားအတွက် ထင်သလိုဖြစ်မလာခဲ့ကြောင်း သိရသည်။

ပထမအချီနှင့် ဒုတိယအချီတို့တွင် ဂျိုရှုအာဗန်ကပင် ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး တတိယမြောက်အချီ လေးမိနစ်တစ်စက္ကန့်တွင် ဂျိုရှုအာဗန်၏ထိုးချက်ကြောင့် ဘရူနိုဆေးလ်ဗား လဲကျသွားခဲ့ပြီး သံဆန်ခါကပ်ကာ ဂျိုရှုအာဗန်က ဆက်တိုက် ထိုးသတ်ခဲ့ပြီးနောက် ကြိုးဝိုင်းဒိုင်က ပွဲကိုရပ်နားစေပြီး ဂျိုရှုအာဗန်အား ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ပေးခဲ့သည်။

ဂျိုရှုအာဗန်က "ကျွန်တော်ပြောထားသလိုပဲ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေဟာ တစ်ပွဲထက်တစ်ပွဲ ပိုပြီးတော့ တိုးတက်လာပြီ။ ဒီပွဲစဉ်မှာ ပြိုင်ဘက်ကစားသမားကို အတင်းဖိပြီး လိုက်ထိုးတာမျိုး ကျွန်တော်မလုပ်ခဲ့ဘူး။ အခွင့်အရေးကိုစောင့်ပြီး ရလာတဲ့ အခွင့်အရေးကို အကောင်းဆုံး အသုံးချနိုင်ဖို့ပဲ ကျွန်တော်ကြိုးစားခဲ့တယ်။ ရလာတဲ့အခွင့်အရေးတွေကို အပြည့်အဝ အသုံးချနိုင်ခဲ့ရင် ပြိုင်ဘက်ကို လဲကျအောင်လုပ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ထားတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အီတလီကစားသမားမာနက်စီရိုနှင့် နယူးဇီလန်ကစားသမား ရိုင်ယန်ဖောက်စ်တို့ ပူးတွဲဦးဆောင်

တိုရွန်တို ဇွန် ၈

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အီတလီ ဂေါက်သီးရိုက်ကစားသမား မာနက်စီရိုနှင့် နယူးဇီလန် ဂေါက်သီးရိုက် ကစားသမား ရိုင်ယန်ဖောက်စ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ဇွန် ၇ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဟော့ဂျက်စ်နှင့် မက္ကာသီ၊ တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမား ကီဗင်ယူတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တတိယနေ့တွင် ပြိုင်ပွဲဝင်အများစု ပုံစံကောင်းရရှိခဲ့ကြပြီး အမှတ်ပေးဇယား အဆင့် (၁၀) အတွင်း ရပ်တည်နေသည့် ပြိုင်ပွဲဝင်များအကြား ရလဒ်ကွာဟချက် ကျဉ်းမြောင်းနေသည့် အတွက် ချန်ပီယံဆုအတွက် နောက်ဆုံးနေ့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားရဖွယ်ရှိနေသည်။

မာနက်စီရိုသည် တတိယနေ့တွင် Birdies ရိုက်ချက် ခြောက်ကျင်းထိ ရရှိခဲ့သည့်အတွက်ကြောင့်လည်း အမှတ်ပေးဇယားအား ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မာနက်စီရိုက "တတိယနေ့မှာ စွမ်းဆောင်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ တော်တော်လေးကို ကောင်းမွန်ခဲ့ပါတယ်။ ကျင်းနံပါတ်(၁၇)မှာ တစ်ချက်မှားသွားခဲ့တယ်။ အမှားသာမရှိခဲ့ဘူးဆိုရင် ရလဒ်က ဒီထက် ပိုကောင်းနိုင်တယ်။ တတိယနေ့မှာ ရလဒ်ပိုင်း အားရကျေနပ်စရာ ကောင်းပေမဲ့လဲ အမှားတွေ ရှိခဲ့တဲ့အတွက် ပြင်ဆင်စရာတွေရှိနေသေးတယ်။ နောက်ဆုံးနေ့မှာတော့ ဒီအမှားတွေကို အတတ်နိုင်ဆုံးပြင်ဆင်နိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## တိုက်စစ်မှူး ဒမ်ဘီလီ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့မှုကြောင့် ဖီဖာကလပ် အုပ်စုပွဲစဉ်ကို လွဲချော်မည်ဟုဆို

ပဲရစ် ဇွန် ၈

တိုက်စစ်မှူး ဒမ်ဘီလီသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲကစားရမည့် ပြင်သစ်အသင်းနှင့်အတူ ပူးပေါင်းနေစဉ် လေ့ကျင့်ရေးအစီအစဉ်၌ ပေါင်ကြွက်သား ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။



ပြင်သစ်အသင်းသည် စပိန်အသင်းနှင့်ကစားခဲ့သည့် နေးရှင်းလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ငါးဂိုး လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တတိယလုပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် တိုက်စစ်မှူး ဒမ်ဘီလီသည် အသင်း၏လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ရာ ၎င်းအနေဖြင့် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ပေါင်ကြွက်သား ဒဏ်ရာပြင်းထန်မှုကြောင့် အချိန်အတိုင်းအတာတစ်ခုထိ အနားယူရမည်ဖြစ်၍ လာမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လွဲချော်နိုင်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဒမ်ဘီလီ၏ လက်ရှိ ဏာရာမှာ အနည်းဆုံး ရက်သတ္တနှစ်ပတ်အနားယူရမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းအနေဖြင့် ဖီဖာကလပ် ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၅ ရက်တွင် အေတီကိုအသင်း၊ လာမည့် ဇွန် ၂၀ ရက်တွင် ဘိုတာဖိုဂိုအသင်း၊ ဇွန် ၂၃ ရက်တွင် ဆီတယ်ဆောင်းဒါးအသင်းတို့နှင့် ကစားရမည်ဖြစ်သောကြောင့် ဒမ်ဘီလီအနေဖြင့် အုပ်စုပွဲစဉ်များကို လွဲချော်မည်မှာ သေချာလျက်ရှိကြောင်း သိရသည်။

Ref : One Football

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ကွင်းလယ်ကစားသမား ဂျိုးဘယ်လင်ဟမ်ကို ခေါ်ယူရန် ဒေါ့မွန်အသင်းက ယူရို ၃၃ သန်းဖြင့် တိုးမြှင့်ကမ်းလှမ်းခဲ့သဖြင့် ဆန်းဒါးလန်းအသင်းနှင့်သဘောတူညီမှုရရှိခဲ့သည်။
- ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်မည့် အသင်းများက ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့သော်လည်း အဆိုပါပြိုင်ပွဲတွင် ပါဝင်ကစားရန် အစီအစဉ်မရှိသောကြောင့် ကမ်းလှမ်းမှုကိုငြင်းပယ်ခဲ့ကြောင်း မီဒီယာများနှင့် တွေ့ဆုံပွဲတွင် တိုက်စစ်မှူး စီရော်နယ်ဒိုက ထုတ်ဖော်ပြောကြားခဲ့သည်။
- တိုက်စစ်မှူးနေမာသည် မိခင်ကလပ် ဆန်းတို့စ်အသင်းတွင် ပါဝင်ကစားနေသော်လည်း ကစားသမားအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိမှုကြောင့် ဇွန် ၅ ရက်မှစတင်ကာ အသင်းနှင့် ပူးပေါင်းနိုင်မှုမရှိသေးကြောင်း သိရသည်။

ML

# ဂိုကာရက်စ်ကို ခေါ်ယူနိုင်ရန် အာဆင်နယ်အသင်းထက် မန်ယူအသင်းက ပိုမိုအလေးသာနေ

မန်ချက်စတာ ဇွန် ၈

မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က စပို့တင်းလစ္စဘွန်းအသင်းမှ တိုက်စစ်ကစားသမား ဂိုကာရက်စ်ကို ခေါ်ယူရန်အတွက် ကြိုးပမ်းနေရာမှ မန်ယူအသင်းက ခေါ်ယူနိုင်ရန် ပိုမိုအလေးသာနေကြောင်းသိရသည်။

အသက် ၂၇ နှစ်ရှိ ဂိုကာရက်စ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က စပို့တင်းလစ္စဘွန်း အသင်းကို လက်ရှိ မန်ယူအသင်းနည်းပြ အာမိုရင် ကိုင်တွယ်ခဲ့စဉ်က ကိုဗင်ထရီအသင်းမှ စပို့တင်းလစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်း ပြသလျက်ရှိနေသူဖြစ်သည်။



ဂိုကာရက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၅၀ တွင် ၄၃ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၂ ပွဲတွင် ၅၄ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး ဂိုကာရက်စ်ကိုယ်တိုင်က လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အာဆင်နယ် အသင်းက ဂိုကာရက်စ်ကို ခေါ်ယူရန် အစောပိုင်းကတည်းက ကမ်းလှမ်းမှုများလုပ်ဆောင်ထားသော်လည်း သဘောတူညီမှုရရှိခဲ့ခြင်းမရှိခဲ့ဘဲ မန်ယူအသင်းနည်းပြ အာမိုရင်သည် ကစားသမားနှင့် စပို့တင်းလစ္စဘွန်းအသင်းတွင် လက်တွဲခဲ့ဖူးသည့်အတွက် နည်းပြအာမိုရင်က ဂိုကာရက်စ်ကို မန်ယူအသင်းထံ ခေါ်ယူလိုနေခြင်းဖြစ်သည့်အတွက် အာဆင်နယ်အသင်းထက် ဂိုကာရက်စ်ကို ခေါ်ယူရန် ပိုမိုအလေးသာနေခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းနှင့် ဂိုကာရက်စ်တို့ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် ၈၅ သန်းထိရှိနေသော်လည်း စပို့တင်းလစ္စဘွန်းအသင်းက စတာလင်ပေါင်သန်း ၆၀ ခန့်ဖြင့်သာ ရောင်းချသွားမည်ဖြစ်သည့်အတွက် မန်ယူအသင်းကလည်း စပို့တင်းလစ္စဘွန်းအသင်း အလိုရှိနေသည့် ပြောင်းရွှေ့ကြေးကို ပေးချေပြီး ခေါ်ယူရန် ကြိုးပမ်းနေကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုကိုဂတ်ဖ် ဆွတ်ခူး

ပဲရစ် ဇွန် ၈

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က(၆-၇၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဆာဘာလင်ကာ အနေဖြင့် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ကိုကိုဂတ်ဖ်က နောက်မှလိုက်ကစားကာ ၎င်း၏ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဆာဘာလင်ကာသည် ကမ္ဘာ့အဆင့်(၁)နေရာကို ပြတ်သားသည့်ရမှတ်ဖြင့် ဆက်လက်ဦးဆောင်ခွင့်ရနိုင်မည့် အခွင့်အရေးဖြစ်သည့်အတွက် အကောင်းဆုံးကြိုးစားကစားသွားခဲ့ပြီး ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အမှားများခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ကိုကိုဂတ်ဖ်က "ကျွန်မအနေနဲ့ အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် အဆိုးအကောင်း အရာအားလုံးကို ဖြတ်သန်းခဲ့ရတယ်။ လွန်ခဲ့တဲ့သုံးနှစ်တုန်းက ဗိုလ်လုပွဲအဆင့်မှာ ရှုံးနိမ့်ခဲ့ရတဲ့ အမှတ်တရကို အခုထိမမေ့သေးပါဘူး။ သုံးနှစ်အကြာမှာ ဗိုလ်လုပွဲအဆင့်ကို ပြန်လည်တက်ရောက်လာနိုင်ခဲ့လို့ အရမ်းဝမ်းသာပါတယ်။ ဒီတစ်ကြိမ်မှာတော့ အနိုင်ရခဲ့ပါပြီ။ ဒီနိုင်ပွဲဟာ ကျွန်မရဲ့ ကစားသမားဘဝအတွက် အရေးကြီးတဲ့နိုင်ပွဲတစ်ပွဲဖြစ်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အေစီမီလန်အသင်းမှထွက်ခွာရန် ရာဖေးလီအို ဆုံးဖြတ်

ရောမ ဇွန် ၈

အေစီမီလန်အသင်း အဓိကတောင်ပံတိုက်စစ် ကစားသမား ရာဖေးလီအိုက လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ရာဖေးလီအိုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က လိုင်လီအသင်းမှ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရိုသန်း ၈၀ ဖြင့် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး နောက်ပိုင်းဘောလုံးရာသီများတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ လက်ရှိ ဘောလုံးလောကတွင် အကောင်းဆုံး တောင်ပံကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများကြောင့် လာမည့်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲများကစားခွင့်နှင့် လွဲချော်ခဲ့ရသည့်အတွက် ရာဖေးလီအိုက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာ၍ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိသည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေခြင်းဖြစ်သည်။

အေစီမီလန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေသည့် ရာဖေးလီအိုကို ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများအပြင် စပိန်ထိပ်သီးဘာစီလိုနာအသင်းကလည်း ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အေစီမီလန်အသင်းအနေဖြင့် ရာဖေးလီအိုကို ထိန်းသိမ်းရန်ခက်ခဲသည့် အခြေအနေများကြောင့် လက်လွှတ်ရဖွယ်ရှိနေသည့်အတွက် ပြောင်းရွှေ့ကြေးကိုလည်း ယူရို သန်း ၇၀ အနည်းဆုံး အလိုရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ချဲလ်ဆီးအသင်းက ဒေါ့မွန်အသင်းမှ လူငယ်ကစားသမား ဂစ်တန်းကို ခုနစ်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိ



လန်ဒန် ဇွန် ၈

ချဲလ်ဆီးအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဒေါ့မွန်အသင်းမှ လူငယ်ကစားသမား ဂစ်တန်းကို ခုနစ်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၀ နှစ်ရှိ တိုက်စစ်ကစားသမား ဂစ်တန်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က မန်စီးတီး လူငယ်အသင်းမှ ဒေါ့မွန်လူငယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်မှစတင်ပြီး ဒေါ့မွန်အသင်းတွင် ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဂစ်တန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒေါ့မွန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၃၂ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ သုံးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ ၄၂ ပွဲတွင် ၁၂ ဂိုး သွင်းယူနိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ချဲလ်ဆီးအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ပြန်လည်ကစားခွင့်ရရှိထားသည့်အတွက် နည်းပြမာရက်စ်ကာက အသင်းကစားသမားအင်အားပိုင်းကို ဖြည့်တင်းလိုနေသောကြောင့် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းရန် ကြိုးပမ်းခဲ့ရာမှ လက်ရှိတွင် ဂစ်တန်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ၂၀၃၂ ခုနှစ်ထိ ကာလရှည် စာချုပ်ဖြစ်သည့် ခုနစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ဂစ်တန်းကိုရောင်းချခဲ့စဉ်က စာချုပ်ပါအချက်အလက်များအရ ချဲလ်ဆီးအသင်းထံမှ ဒေါ့မွန်အသင်းရရှိမည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းမှ ၁၀ ရာခိုင်နှုန်းကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Bild

Trs : STA

# ချဲလ်ဆီးဂိုးသမား ကီပါကို အာဆင်နယ်အသင်းက စတာလင်ပေါင် ငါးသန်းဖြင့် ခေါ်ယူရန် ဆုံးဖြတ်

လန်ဒန် ဇွန် ၈

အာဆင်နယ် အသင်းသည် ဂိုးသမားရာယာ၏ နောက်ချန်ဂိုးသမားအဖြစ် အက်စ်ပန်ညိုဂိုးသမား ဂါစီယာကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားအနေဖြင့် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေသောကြောင့် ချဲလ်ဆီးအသင်းမှ ဂိုးသမားကီပါကိုသာ စတာလင်ပေါင် ငါးသန်းဖြင့်ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ဂိုးသမားကီပါကို ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၁ သန်းဖြင့် ခေါ်ယူခဲ့ချိန်တွင် ၎င်းအနေဖြင့် ကမ္ဘာ့ဘောလုံးလောကတွင် ပြောင်းရွှေ့ကြေးအများဆုံး ဂိုးသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း လက်ရှိတွင် လက်စွမ်းပြသရန်ရှန်းကန်နေရမှုကြောင့် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ငါးသန်းဖြင့်သာ ရောင်းချရမည်ဖြစ်၍ ချဲလ်ဆီးအသင်းအနေဖြင့် ကစားသမားအတွက် များစွာနစ်နာခဲ့ရသည်။

ဂိုးသမားကီပါသည် အာဆင်နယ်အသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားခဲ့ကာ ဂိုးသမားရာယာနှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသဖြင့် လာမည့်ရက်ပိုင်းအတွင်း အပြောင်းအရွှေ့အပြီးသတ်နိုင်ဖွယ်ရှိသည်။

ကီပါသည် ချဲလ်ဆီးအသင်းတွင် ဘောလုံးရာသီ ငါးရာသီကစားခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့ကာ ပြိုင်ပွဲစုံ ၁၆၃ ပွဲထိ ပါဝင်ခွင့်ရခဲ့ပြီး အသင်းနှင့်အောင်မြင်မှုရခဲ့သည့်အပြင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ဘုန်းမောက်အသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့ရာတွင် အသင်းကို ဂိုးမပေးရသည့် ပွဲစဉ် ကိုးပွဲထိရရှိအောင် စွမ်းဆောင်၍ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၉)နေရာသို့ ရောက်ရှိအောင် ပါဝင်ကူညီခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# တောတောင်ရေမြေစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းတောင်ယာဖော်ထုတ်မှု၊ သစ်ထုတ်လုပ်မှု၊ မီးသွေးထုတ်လုပ်မှုများနှင့် မြို့ပြအဆောက်အအုံများဖော်ထုတ်မှုများကြောင့် သစ်ပင်သစ်တောများပြုန်းတီးလာလျက်ရှိသည်။ တချို့သောဒေသများဆိုလျှင် သဲကန္တာရများဖြစ်လာလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် မိုးခေါင်ရေရှားမှုနှင့်စားနပ်ရိက္ခာရှားပါးမှုများဖြစ်ပေါ်လျက်ရှိသည်။

**စတင်စိုက်ပျိုး**

မိုးဖြိုင်ဖြိုင်ကျသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်သည်။ ဇွန်လဆန်းတွင် သစ်ပင်စိုက်ပျိုးလျှင် စိုက်ပျိုးမှုများအနက် ၇၅ ရာခိုင်နှုန်းခန့် ရှင်သန်လေ့ရှိသည်။ သစ်ပင်စိုက်မည်ဆိုလျှင် ပျိုးပင်များကို စိုက်ပျိုးမည့်နေ့ရောက်မှသာ ပျိုးပေါင်မှနုတ်ယူသင့်သည့်အပြင် ညနေစောင်းအချိန်နှင့် နံနက်စောစောအချိန်များတွင်သာ နုတ်ယူသင့်သည်။ တစ်ရက်ကြိုတင်၍နုတ်ထားမည်ဆိုလျှင် အပင်များရှင်သန်ရန် အခွင့်အလမ်းနည်းသည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်ထားသောအပင်များကိုမူ စိုက်ပျိုးမည့်ကျင်းများဘေးတွင် ညနေပိုင်းကတည်းက ကြိုတင်ချထားရသည်။ အရေးကြီးဆုံးအချက်သည် ပျိုးပင်များသယ်ယူရာတွင် အထူးဂရုစိုက်ရန်လိုသည်။ ပျိုးပင်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်ပြီး ကားပေါ်သို့ ပစ်တင်၊ ကားပေါ်မှ ပစ်ချမည်ဆိုလျှင် ပျိုးပင်များနာသွားမည်ဖြစ်သည်။ ထို့ကြောင့် ပျိုးပင်များရွှေ့ပြောင်းရာတွင် စနစ်တကျဆောင်ရွက်ရန်လိုသည်။

**ရှင်သန်ဖြစ်ထွန်းရန်လို**

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားနှင့်စနစ်တကျခွဲပြီး မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖို့ပြီး စိုက်သောအပင်များ ရှင်သန်အောင် စိုက်ကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ရန် တူးထားသောကျင်းတွင် ရေဝပ်နေပါက ခပ်ထုတ်ရန်လိုအပ်သည်။ ပျိုးပင်များကို စနစ်တကျမစိုက်လျှင် အပင်များ ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးသည်။ သစ်ပင်စိုက်ပျိုးရာတွင် စေတနာပါမှသာလျှင် ရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် သစ်ပင်တစ်ပင်ကို ချက်ချင်းစိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့် စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင် ချက်ချင်းကျင်းတူး၍ စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည် အလားအလာနည်းမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးထားသည့်အပင်ကို တစ်နှစ်ပတ်လုံး ပစ်ထားမည်ဆိုလျှင် ပေါင်းပင်များကြား၌ ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းမရှိဘဲ နွေရာသီတွင် ရေငတ်၍ သေဆုံးသွားမည်ဖြစ်သည်။ အထူးသဖြင့် မိုးရာသီတွင် စိုက်ပျိုးထားသော သစ်ပင်များကို နွေရာသီရောက်လျှင် ရေရရှိရေးနှင့် တောမီးထဲပါမသွားစေရေး အထူးဂရုပြုစုစောင့်ရှောက်သွားရန် လိုအပ်သည်။

**တစ်ပင်စိုက်တစ်ပင်ရှင်ရန်လို**

ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးနိုင်ရန် စီမံချက်ရေးဆွဲလုပ်ဆောင်ခဲ့သည်။ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခုတွင် အထူးစီမံချက်ဖြင့် တစ်ရွာလျှင် နှစ်ဧကရှိသော ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခဲ့သည်။ စိုက်ပျိုးသည့်သစ်မျိုးများကိုလည်း တစ်ပင်စိုက်တစ်ပင်ရှင်အောင် တစ်ရွာလျှင် ဝန်ထမ်းတစ်ဦး သတ်မှတ်တာဝန်ပေးဆောင်ရွက်ခဲ့သည်။

**❖သစ်တောသစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်တို့ကို ထိန်းသိမ်းရေးအတွက် အရေးပါသောအခန်း ကဏ္ဍမှပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းသစ်တော ဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတ ကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် များတားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေ ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ ❖**

**အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်**

အထူးသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နှင့် ပင်းတယမြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပျိုးပင် ၂၇၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိပြီးဖြစ်သည်။ စိုက်ခင်းတည်ထောင်ရန် မြေကျင်းတူးခြင်းနှင့် မြေဩဇာထည့်ကျင်းဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရန် အသင့်အနေအထားရှိနေပြီဖြစ်သည်။ အားတက်ဖွယ်ရာပင်ဖြစ်သည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများအပါအဝင် တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များပြုလုပ်ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးခဲ့ရာ သစ်တောထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂ စားရေရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ယခုအခါ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ ရှိတော့သဖြင့် သစ်တောပြုန်းတီးမှုကိုလည်း လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့သည်။

ယခုနှစ် ဇွန် ၆ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော်စုစုပေါင်း ၄၂ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်စုစုပေါင်း ၂၀၃၆၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**အလေးထားလုပ်ဆောင်**

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ထင်းအစားအခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည်။ စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန်အတွက် နေရာဒေသနှင့် ကိုက်ညီမည့်သစ်မျိုး မှန်ကန်စွာရွေးချယ်မှု၊ စနစ် တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ကျင်းအကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားသင့်ပေသည်။ စိုက်ပျိုးထားသောသစ်ပင်များ ဖြစ်ထွန်းရေးအတွက် သစ်ပင်စိုက်ပျိုးသူများကို ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ မြေဩဇာနှင့် ပေါင်းသတ်ဆေးများကဲ့သို့သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။

**အကျိုးကျေးဇူးများပြား**

ထိုသို့ရှင်သန်းဖြစ်ထွန်းလာသော သစ်ပင်၊ သစ်တောများသည် လူနှင့်တိရစ္ဆာန်များ အသက်ရှင်ရန် အဓိကလိုအပ်သည့်အောက်ဆီဂျင်ကို ထုတ်ပေးပြီး ကျန်းမာရေးကို ထိခိုက်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးနိုင်ပါသည်။ ထို့ပြင် အပူဒဏ်ကို ကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေများကို ထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ အထူးသဖြင့် ရာသီဥတုမှန်ကန်လာသောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်း၍ ကျေးလက်နေပြည်သူများ၏လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကို စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့်ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။

သစ်တောသစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်တို့ကို ထိန်းသိမ်းရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတ ကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။

**တောတောင်ရေမြေ စိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

စင်စင်အားဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်းသည် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်လို သဘောထားသင့်သည်။ မြန်မာလူမှုအသိုက်အဝန်းတွင် သစ်ပင်ကိုတန်ဖိုးထားတတ်သည့်အလေ့အထသည် မရှိသလောက်ပင် နည်းပါးလျက်ရှိသည်။ ထို့ကြောင့် မိုးရာသီတွင် ဦးစီးရုံးများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်သွားသင့်သည်။ သို့မှသာလျှင် ပြုန်းတီးသွားသော သစ်ပင်များနေရာတွင် အတိုင်းအတာတစ်ခုထိ အစားထိုးနိုင်မည်ဖြစ်သည်။ ဆိုရလျှင် သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သက်ရှိလောကတည်မြဲရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံသူ၊နိုင်ငံသားအားလုံးအနေဖြင့် တောတောင်ရေမြေစိမ်းလန်းစိုပြည်ရေး၊ ကမ္ဘာကြီးပူနွေးလာမှုလျော့ချရေးနှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်ရေးတို့တွင် များစွာအထောက်အကူဖြစ်စေမည့် သစ်တောသစ်ပင်များပိုမိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

# မြ ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပ




ရန်ကုန် ဇွန် ၈

CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ ဇွန် ၁၆ ရက် နေ့မှ စတင်ထုတ်လွှင့်မည့် မြ ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ဇွန် ၇ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ မြ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဝါဆိုမိုးဦးထံက သိရသည်။

အဆိုပါ မြ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို EVREN က ရေးဖွဲ့ထားခြင်း ဖြစ်ပြီး မင်းမူပိုင်၊ ပြည့်ဦးနွယ်၊ ခိုင်ဇွန်ဝင့်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ထွဋ်ခေါင်ထွန်းက CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းအတွက် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ပုံဖော်ရိုက်ကူးပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဝါဆိုက ဒီ မြဇာတ်လမ်းတွဲမှာ စိမ်းဆိုတဲ့ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ဝါဆို ခုနောက်ပိုင်း ရိုက်တဲ့ ဇာတ်တွေက ကိုယ်သရုပ်မဆောင်ဖူးတဲ့ ဇာတ်တွေများပါတယ်။ မြဆိုတဲ့ မဟာစံအိမ်ကြီးရဲ့ နောက်ကွယ်မှာ ဘယ်လိုထူးဆန်းတဲ့အကြောင်း အရာတွေ ဝှက်ထားလဲဆိုတာ စိတ်လှုပ်ရှားစရာ ကြည့်ရှုခံစားရမှာပါ။ ဇာတ်ကားက မြဘယက်ကြီးနဲ့ ဆက်စပ်တဲ့ ဇာတ်လို့လည်း ပြောလို့ရပါတယ်" ဟု သရုပ်ဆောင် ဝါဆိုမိုးဦးက ပြောပြသည်။

ဒါရိုက်တာ ထွဋ်ခေါင်ထွန်း ရိုက်ကူးပုံဖော်ထားသည့် မြ ရုပ်သံဇာတ်လမ်းတွဲတွင် နေထူးနိုင်၊ စစ်မင်းထက်၊ ဟိန်းသစ်စ၊ ရဲမွန်၊ ဟန်ဆက်လူ၊ ဇော်ဦး၊ ဝါဆိုမိုးဦး၊ မြတ်ကေသီအောင်၊ မေပန်းချီ၊ သဇင်ထူးမြင့်၊ အင်ကြင်ဖူး၊ ဝဝ်မင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကာ CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ ဇွန် ၁၆ ရက်နေ့မှ စတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ခုနစ်နာရီ အချိန်တိုင်း ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Ready or Not ဇာတ်ကားသစ်ကို လာမည့်နှစ် ဧပြီလတွင် ရုံတင်ပြသမည်

နယူးယောက် ဇွန် ၈

Ready or Not : Here I Come ထိတ်လန့်သည်းဖို ဟာသဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် ရုံတင်ပြသရန် Search Light ရုပ်ရှင် ကုမ္ပဏီက စီစဉ်ထားကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

Ready or Not : Here I Come သည် Ready or Not (2019) ထိတ်လန့်သည်းဖို ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကား ဖြစ်သည်။

အဆိုပါ ဇာတ်ကား၏ မင်းသားအယ်လီဂျာဝုဒ်နှင့် မင်းသမီးဆာရာ မစ်ချယ်ဂျယ်လာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Ready or Not : Here I Come ဇာတ်ကားကို ဒါရိုက်တာ မက်ဘက်တီနယ်လီ အိုလီပင်းနှင့် တေလာဂျီးလက်စ်တို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ် ကားအတွက် ဝတ္ထု ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘူးဆစ်နှင့် ခရစ္စတိုဖာ မာဖီတို့က ရေးသားထားသည်။

Ready or Not : Here I Come ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လက်ရှိတွင်စတင်နေပြီ ဖြစ်သည်။

Ref : Russia Today

Trs : KKO




# တေးသံရှင် ဂရေဟမ်နှင့် ဟေမာနေဝင်းတို့၏ တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်




ရန်ကုန် ဇွန် ၈

နာမည်ကျော် တေးသံရှင်များ ဖြစ်သည့် တေးသံရှင် ဂရေဟမ်နှင့် ဟေမာနေဝင်းတို့၏ တေးဂီတဖျော်ဖြေပွဲကို လာမည့် ဇွန် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ဂရေဟမ်နှင့် တေးသံရှင် ဟေမာနေဝင်း တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် Aurora Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"The Heart of Rangoon – THOR Bar မှာ ဇွန် ၁၅ ရက်နေ့မှာ တစ်ခေတ် တစ်ခါက နာမည်ကြီးခဲ့တဲ့ Aurora Music Band နဲ့ အတူ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ မဟေမာနဲ့လဲ စင်မြင့်မှာ အတူတူ မသီဆိုဖြစ်တာ ကြာပြီဆိုတော့ အကောင်းဆုံး သီချင်းတွေကို သီဆိုသွားကြဖို့ တိုင်ပင်ထားပါတယ်။ တစ်ချိန်က ပရိသတ်တွေနဲ့ အတူတူ စင်မြင့်ထက်မှာ ဆိုခဲ့ကြဖူးတဲ့ သီချင်းတွေကို ပြန်ဆိုကြရအောင်ဆုံကြပါစို့" ဟု တေးသံရှင် ဂရေဟမ်က ပြောပြသည်။

တေးသံရှင် ဂရေဟမ်နှင့် တေးသံရှင် ဟေမာနေဝင်းတို့၏ တေးဂီတဖျော်ဖြေမှု အစီအစဉ်ကို The Heart of Rangoon –THOR Bar တွင် ဇွန် ၁၅ ရက်ညနေ ၆နာရီ မိနစ် ၃၀ အချိန်တွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Malibu ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသမီး မစ်ချဲလ် ရန်းဒေါ့ဖ် ပါဝင်ဖွယ်ရှိ

နယူးယောက် ဇွန် ၈

Screen Gems ကုမ္ပဏီ၏ Malibu အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး မစ်ချဲလ် ရန်းဒေါ့ဖ် ပါဝင်ဖွယ်ရှိကြောင်း ဇွန် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိ အချိန်တွင် မင်းသမီး မစ်ချဲလ် ရန်းဒေါ့ဖ်သည် Malibu ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ဖို့ အတွက် Screen Gems ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Malibu ဇာတ်ကားကို ဒါရိုက်တာ ဘော့ဗ်ဝီလျံ တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Screen Gems ကုမ္ပဏီက လျှို့ဝှက်ထားဆဲ ဖြစ်သည်။

Malibu ဇာတ်ကား၏ ထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင်စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိ အချိန်တွင် Malibu ဇာတ်ကား ရုံတင်ပြသမည့် ရက်ကို Screen Gems ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နှောင်းလူ ဇာတ်လမ်းကို ဇွန် ၁၅ ရက်တွင် Mahar Application မှ ထုတ်လွှင့်သွားမည်ဖြစ်

ရန်ကုန် ဇွန် ၈

Mahar Application မှ နှောင်းလူ အမည်ရှိ ဇာတ်လမ်းကို ဇွန် ၁၅ ရက်နေ့တွင် မူပိုင် ဇာတ်လမ်းအဖြစ် HD Quality ဖြင့် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ နှောင်းလူ အမည်ရှိ ဇာတ်လမ်းတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်အကယ်ဒမီ အေးချမ်းမောင်ထံက သိရသည်။

အဆိုပါ နှောင်းလူ အမည်ရှိ ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာမ ညမွှေးပန်းက ရေးဖွဲ့ထားခြင်းဖြစ်ပြီး ညမွှေးပန်းနှင့်အဖွဲ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ အောင်ချမ်းလူကတာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် တစ်ပိုင်းတည်းအပြီး Mahar Application ၏ မူပိုင်ဇာတ်လမ်း ဖြစ်ကြောင်း သိရသည်။

"မဟာကလဲ ဗီဒီယိုကားလေး ရိုက်မယ်ပြောတော့ ဒါရိုက်တာက ကိုအောင်ချမ်းလူဖြစ်တာရယ်၊ ဇာတ်လမ်းလေးကို ကြိုက်တာကြောင့် လက်ခံရိုက်ကူးဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားမှာ ကျွန်တော်က အိမ်ထောင်သည် ယောက်ျားတစ်ယောက်ဖြစ်တဲ့ နယုန်မိုး ကာရိုက်တာနဲ့ ပါဝင်ထားတာပါ။ မိန်းမကိုအရမ်းချစ်တဲ့ ကာရိုက်တာပေါ့။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်တယ်ပေါ့နော်။ ကျွန်တော်က မဟာနဲ့လက်တွဲရိုက်တာဒုတိယဇာတ်ကားပါ။ ဆရာမ ညမွှေးပန်းရဲ့ နှောင်းလူဆိုတဲ့ ဇာတ်လမ်းလေးလဲ ကြိုက်လို့ လက်ခံရိုက်ဖြစ်တယ်။ ဒရာမာ၊ အိမ်ထောင်ရေး၊ ထိတ်လန့်သည်းဖို ရောထားတဲ့ ဇာတ်လမ်းလေးပါ" ဟု အကယ်ဒမီ အေးချမ်းမောင်က ပြောပြသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ Z ဂိုဟန်၊ သဲသာညီ၊ ခင်မို့မို့အေး စသည့်သရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at Diamond Jubilee of Myanmar-China diplomatic relations


Senior General Min Aung Hlaing delivers address at the Diamond Jubilee of Myanmar-China diplomatic relations.

**Nay Pyi Taw June 8**

The Diamond Jubilee of Myanmar-China diplomatic relations was observed at Mingalar Thiri Hotel here this morning, with an address delivered by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, senior military officers from Office of Commander-in-Chief, heads of diplomatic missions in Myanmar, the Nay Pyi Taw Council chair, chairs and members of Myanmar Institute of Strategic and International Studies, Union of Myanmar Federation of Chambers of Commerce and Industry, and Myanmar-China Friendship Association, diplomats of the Embassy of People's Republic of China in Myanmar and Military Attache Office and specially invited guests.

In his keynote address, the Senior General said today is a proud and meaningful moment in the history of Myanmar-China diplomatic relations, while the ceremony demonstrates the long-lasting friendship, mutual respect and trust, active cooperation and shared future visions.

Historical records show that the relations between the two countries began 1400 years ago in AD 7th century when the Pyu dynasty of Myanmar and Tang dynasty of China established bilateral trade, economic, cultural and diplomatic relations, and they are going on well throughout the successive period still now.

As regards the diplomatic relations, a Myanmar diplomat, Shin Ditha Pamauk, paid a diplomatic visit to China in AD 11th century during the Bagan period, and the visit can be said the cornerstone of today's policy of peaceful coexistence, both countries are adhering to.

Modern day history shows that Myanmar is the first country to recognize the People's Republic of China that was established in 1949; and that the bilateral diplomatic relations between the two, set up on 8 June 1950, have reached the diamond jubilee now.

Mutual goodwill visits between the leaders of the two countries that began in 1950 when the two established bilateral diplomatic relations have gradually strengthened bilateral relations.

The signing of the five principles of peaceful coexistence, based on Myanmar-China history, in 1954 has marked as an example in modern day international relations. It is a pleasure to witness that from the Bandung Conference in 1955 till today, a large number of developing countries are exercising the five principles of peaceful coexistence.

In the sphere of international relations, Myanmar adheres to the "One China Policy." Hence, the country fully supported China's entry into the UN as its member in 1971. Myanmar reiterates its stance on "One China Policy", with a view to further cementing relations between the two countries and assisting regional peace and stability.

Myanmar welcomes and supports the global initiatives of PRC President Xi Jinping -- global development initiative, global civilization initiative, global security initiative, global AI initiative –as the country sees them as the promoters for peace, stability and sustainable development of the future world. The two countries upgraded their relations to multiple strategic partnerships in 2011 through people-to-people exchange programs and closer cooperation.

President Xi's historic visit to Myanmar in 2020 is one of the significant developments in the history of bilateral relations. During the visit, an agreement was reached to set up a Myanmar-China community that shares successes and hardships. It is common knowledge that the said agreement is now firmly delivering advantages to the peoples of both countries.

At this historic moment, Myanmar reconfirms its commitment to join hands with China for greater progress of common goals of the two countries. Moreover, sustainability of P2P common interest and stability and progress in the region will be realized through continued efforts to facilitate the action of establishing a shared Myanmar-China community and prosperity.

During the visit to Moscow, Russia, to attend the 80th Victory Day of the Great Patriotic War in May, 2025, I held talks with Chinese President Mr. Xi Jinping. During the meeting we frankly exchange views on promoting bilateral relations, enhancing cooperation in multiple sectors, accelerating the establishment of a community that unites through thick and thin and matters related to regional stability based on genuine friendly relations, mutual trust, and existing sibling relations.

Moreover, during the 8th Summit of the Greater Mekong Sub-region in Kunming, China in November, 2024, I held talks with Chinese Premier Mr. Li Qiang frankly and achieved favourable outcomes.

Myanmar is located at the strategic geographical position in implementation of the Belt and Road Initiative and the China-Myanmar Economic Corridor projects. Therefore, it is believed that various opportunities for sustainable prosperity of the people from the two countries will be realized by implementing the project at an early date. I would like to urge all to continue to cooperate to implement the strategic projects and cooperation projects along the CMEC smoothly. I would like to express my appreciation and thanks for goodwill support and consistent positive engagement of China towards Myanmar. I would also like to thank China for its support for Myanmar affairs in the international frontier. I would also like to express gratitude to China for supporting Myanmar's efforts for the peace process and national reconciliation and peace and development. Such a standpoint reflects the deep and strong friendship and mutual understanding between the two countries.

Another incident that reflects the spirit of sharing in a community that unites through thick and thin of the people of the two countries is the fact that China sent rescue teams within 24 hours after Myanmar was hit by the Mandalay Earthquake on 28 March, 2025. On behalf of the people of Myanmar, I would like to thank the government of China and its rescue teams who ran rescue operations at the golden hour. In 2020, 2021 and 2022,


Senior General Min Aung Hlaing visits the commemorative photo exhibition.

See Page 13



Senior General Min Aung Hlaing views cultural dances at the Diamond Jubilee of Myanmar-China diplomatic relations.

*From Page 12*

Myanmar was hit hard by worldwide COVID-19 pandemic. I would like to thank China for offering enormous assistance to Myanmar including COVID-19 vaccines and equipment especially for oxygen and oxygen production at that time and contributing a lot to the elimination of COVID-19 among the people of Myanmar.

Moreover, China provided Myanmar with emergency humanitarian aid worth 1.1 billion Yuan for the rehabilitation from the damage caused by the Mandalay Earthquake. As the aid sent by China was the first foreign assistance at the most difficult time, the timely aid was effective and reinforced the strength of the government and the people.

On behalf of the people of Myanmar, I would like to thank the government and people of good neighbourly and friendly China for the timely aid that was offered out of the spirit of siblings. The noble and genuine friendship between the people of the two countries and offering assistance by standing together with the people of Myanmar warmly will go down in the history of the friendship between the two countries.

I would like to reaffirm that Myanmar will work hand in hand with China closely to establish a community that unites through thick and thin based on policies of mutual respect and interests and to deepen the multi-sectoral cooperation for the common interest of the people of the countries.

On the auspicious occasion of the diamond jubilee ceremony of the 75th Anniversary of the establishment of Myanmar-China diplomatic relations, Myanmar reaffirms its strong commitment to deepen sibling friendship between China and Myanmar and to accelerate the establishment of a community that unites through thick and thin through strategic cooperation.

In conclusion, the Senior General prayed for everlasting Myanmar-China friendship by paving ways for better relations in the future and sustainable prosperity and development of the People's Republic of China.

Then, the Chinese ambassador to Myanmar extended greetings and the Senior General and participants enjoyed Myanmar-China cultural dances and songs as well as a documentary video depicting the development of Myanmar-China relations and cooperation.

Afterward, the Senior General and participants posed for documentary photographs and viewed the documentary photo exhibition of cooperation between the two countries. 100

# Iran condemns U.S. travel ban as hostile, discriminatory

**Tehran June 8**

Iran on Saturday strongly condemned a new U.S. travel ban targeting citizens from several countries, including Iran, calling the move a "clear sign of deep-seated hostility toward Iranians."

Iran's Foreign Affairs Ministry, in a statement reported by state news agency IRNA, denounced the U.S. government's decision, asserting that the restrictions target individuals solely based on their nationality and religion.

The ministry added that such policies reflect a discriminatory mindset and violate fundamental principles of international law, including the principles of non-discrimination and respect for human rights.



This photo taken on Oct. 26, 2024 shows a street view in Tehran, Iran. Iran's air defense headquarters successfully countered the Israeli attack, which resulted in "limited damage," Iran's semi-official Tasnim news agency reported.

The statement called on the United Nations and international human rights bodies to publicly oppose Washington's "unilateral and discriminatory measures." It also affirmed that Iran would use all available means to protect the rights of its citizens and respond to the consequences of such actions by the U.S. administration.

U.S. President Donald Trump signed a proclamation on Wednesday evening to ban travel from certain countries, citing national security risks. The White House said the proclamation, set to take effect on June 9, would fully ban the entry of nationals from 12 countries: Afghanistan, Chad, the Republic of the Congo, Equatorial Guinea, Eritrea, Haiti, Iran, Libya, Myanmar, Somalia, Sudan, and Yemen. Xinhua

# At least 40 hospitalized after suspected food poisoning in western Iraq

**Baghdad June 8**

At least 40 people were hospitalized with suspected food poisoning in the western Iraqi city of Fallujah, prompting authorities to shut down a local fast food restaurant, health officials said on Saturday.

The Directorate of Health in Anbar province said the victims had consumed contaminated meat served at the restaurant. It warned that the number of cases could rise as more people seek medical treatment.

Authorities have seized food items from the premises for laboratory testing, the statement said, adding that the probe was being conducted in coordination with local security forces.

"If the test results confirm negligence or violations of health regulations, legal measures will be taken against the establishment," the health department said.

The incident occurred during the Eid al-Adha holiday, a major Islamic festival widely celebrated across Iraq and the Muslim world. The holiday, marked by communal prayers, family gatherings, and the traditional sharing of meat from sacrificed animals, heightens concerns over food safety due to increased consumption and large-scale meals.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆွီဒင်က အမေရိကန် Lockheed Martin ကုမ္ပဏီထုတ် TPY-4 မြေပြင်အခြေစိုက် ရေဒါကိုဝယ်ယူခဲ့



ဆွီဒင်နိုင်ငံသည် ဆွီဒင်လေတပ်အတွက် တာဝေးရှာဖွေထောက်လှမ်းနိုင်မှု စွမ်းရည်များအားကောင်းစေရန် အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီမှ ထုတ်လုပ်ထားသော TPY-4 မြေပြင်အခြေစိုက် ရေဒါစနစ်ကိုရွေးချယ်ဝယ်ယူခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

TPY-4 ရေဒါစနစ်သည် လေကြောင်းကြိုတင် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန်နှင့် လေကြောင်းမှ ပစ်မှတ်များကိုစဉ်ဆက်မပြတ် ခြေရာခံထိန်းကျောင်းခြင်းတို့ကိုပံ့ပိုးပေးနိုင်သည့် ဝေဟင်စောင့်ကြည့် ထောက်လှမ်းခြင်းအတွက် ဒီဇိုင်းထုတ်ထားသောphased-array ရေဒါစနစ်တစ်ခုဖြစ်သည်။

"TPY-4 ရေဒါသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ပေါင်းစည်းဟန့်တားမှုတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ပြီး NATO မဟာမိတ်နိုင်ငံများနှင့် အပြန်အလှန်လုပ်ဆောင်နိုင်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်"ဟု Lockheed Martin ကုမ္ပဏီ ရေဒါနှင့်အာရုံခံစနစ်များဌာနမှ ဒုတိယဥက္ကဋ္ဌ Rick Cordaro က ပြောကြားခဲ့သည်။

TPY-4 ရေဒါသည် ရန်သူ့တန်ပြန်လုပ်ဆောင်ချက်များဖြစ်သည့် အီလက်ထရွန်နစ် နှောက်ယှက်မှုမြင့်မားသော ပတ်ဝန်းကျင် အခြေအနေမျိုးတွင် တပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းတွင် Active Electronically Scanned Array ရေဒါနည်းပညာ အသုံးပြုထားပြီး အနာဂတ်မစ်ရှင်လိုအပ်ချက်များနှင့်အညီ ပံ့ပိုးပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ် အဆင့်မြှင့်တင်နိုင်သည့် ဖွဲ့စည်းပုံမျိုးဖြစ်သည်။ TPY-4 ရေဒါသည် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များကို ရှာဖွေထောက်လှမ်း၍ ကြိုတင်သတိပေးနိုင်မည်ဖြစ်ကာ မြင့်ထောင့် ၉၀ ဒီဂရီထိ ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြေရာခံနိုင်မည်ဖြစ်သည်။ ယုံကြည်စိတ်ချရမှုနှင့် တိုက်ပွဲဝင်ထိရောက်မှုကိုမြင့်မားကောင်းမွန်စေရန် Gallium Nitride သတ္တုပစ္စည်းများ အသုံးပြုထားသည့် လှိုင်းထုတ်လွှင့်စက်များနှင့် အဆင့်မြင့်အချက်ပြမှုတွက်ချက်လုပ်ဆောင်ခြင်းနည်းပညာကို အသုံးပြုထားသည်။ မြေပြင်အခြေစိုက်နှင့် ယာဉ်တင်ဗားရှင်းနှစ်မျိုးစလုံး ထုတ်လုပ်ထားခြင်းဖြစ်ပြီး C-130 သို့မဟုတ် C-17 သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ထရပ်ကားသို့မဟုတ် ရဟတ်ယာဉ်များဖြင့် ပို့ဆောင်နိုင်ပြီး တိုက်ပွဲဝင်အသင့်ဖြန့်ကြက်ရာတွင် အဆင်ပြေလွယ်ကူစွာ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

ဆွီဒင်နိုင်ငံ၏ TPY-4 ရေဒါဝယ်ယူဖြည့်တင်းမှုသည် လေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်း၊ လေကြောင်းရန်ကာကွယ်ရေး အဟန့်အတားစွမ်းရည်နှင့် NATO မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးစွမ်းရည်တို့တွင် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်တစ်ရပ်ကို ဖော်ညွှန်းနေခြင်းဖြစ်ပြီး ဆွီဒင်လေတပ်အနေဖြင့် ဒေသတွင်း မဟာမိတ်နိုင်ငံများနှင့် ပေါင်းစည်းထားသော လေကြောင်းရန်ကာကွယ်ရေးတွင် ရှေ့တန်းကျကျရပ်တည်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Sweden Acquires Lockheed Martin's TPY-4 Ground Radar ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ FC-31 Gyrfalcon တိုက်လေယာဉ်များ လပိုင်းအတွင်း ပေးပို့သွားမည်

တရုတ်နိုင်ငံက ပါကစ္စတန်လေတပ်အတွက် လေကြောင်းစွမ်းအားများ ခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်မှုတစ်ရပ်အနေဖြင့် FC-31 Gyrfalcon ကိုယ်ပျောက်တိုက်လေယာဉ်များ မကြာမီ လပိုင်းအတွင်း ပေးပို့သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

FC-31 ကိုယ်ပျောက်တိုက်လေယာဉ်များ လပိုင်းအတွင်း စတင်ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါ တိုက်လေယာဉ်ဝယ်ယူရေး စီမံကိန်းကို ပါကစ္စတန်လေတပ်အတွက် တရုတ်နိုင်ငံထုတ် စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်များ ၂၀၂၄ ခုနှစ် တပ်တော်ဝင် အခမ်းအနားတွင် ပထမဦးဆုံး ထုတ်ဖော်ပြောကြားခဲ့ခြင်းလည်း ဖြစ်ကြောင်း Janes ကာကွယ်ရေး သတင်းဌာနသို့ ပါကစ္စတန်နိုင်ငံအစိုးရအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ တိုက်လေယာဉ်အရေအတွက် အတိအကျနှင့် ဝယ်ယူရေးဆိုင်ရာ အသေးစိတ်အချက်အလက်ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိဘဲ ယခင်ထွက်ပေါ်ခဲ့သော သတင်းများအရ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံသို့ FC-31 တိုက်လေယာဉ် အစီး ၃၀ မှ ၄၀ ထိ ပံ့ပိုးပေးနိုင်ဖွယ်ရှိသည်ဟု သိရှိခဲ့ကြရသည်။ ဤဝယ်ယူရေးအစီအစဉ်အောက်ရှိ တိုက်လေယာဉ်များတွင် တရုတ်နိုင်ငံထုတ် PL-17 တာဝေးပစ်၊ ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်တင်ဆောင် တိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး အကွာအဝေး ၄၀၀ ကီလိုမီတာ(၂၄၉ မိုင်)ထိ ဝေဟင်ခြိမ်းခြောက်မှုများကို တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံပိုင် Shenyang Aircraft Corporation မှ တီထွင်ထုတ်လုပ်ထားသော FC-31 သည် ပဉ္စမမျိုးဆက်တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လေတပ်နှင့် ရေတပ်လေကြောင်းတပ်ဖွဲ့အတွက် အထူးရည်ရွယ်၍ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

တိုက်လေယာဉ်ကိုယ်ထည် ၁၇ မီတာ (၅၆ပေ)၊ တောင်ပံအလျား ၁၂ မီတာ (၃၈ပေ)ရှိပြီး Klimov RD-93 သို့မဟုတ် WS-13E နှစ်လုံးပါရှိသည့် တာဘိုဖန်အင်ဂျင်များတပ်ဆင်ထားသည်။ အီလက်ထရွန်နစ်စစ်ဆင်ရေး တန်ပြန်လုပ်ဆောင်မှုစနစ်များ၊ ဗုံးများနှင့်စူပါဆောနစ် အလျင်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သော ဒုံးကျည်အမျိုးမျိုးသယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းတိုက်လေယာဉ်သည် တစ်နာရီလျှင် ၂၂၃ ကီလိုမီတာ အလျင်နှုန်းဖြင့် အကွာအဝေး ၂၀၀၀ ကီလိုမီတာ(၁၂၃၉ မိုင်)နှင့် အမြင့် ၁၆၀၀၀ မီတာ(၅၂၄၉၃ပေ)ထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

FC-31 တိုက်လေယာဉ်များ လက်ခံရရှိမည့်သတင်းသည် ၂၀၂၅ ခုနှစ် မေလ၊



အိန္ဒိယနှင့်ပါကစ္စတန်တို့အကြား ပြင်းထန်သော လေကြောင်းတိုက်ပွဲအပြီး ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ ပါကစ္စတန်လေတပ်၏ လေကြောင်းစွမ်းအားချိန်ညှိရေး အရေးပေါ်ပြန်လည်လုပ်ဆောင်ချက်တစ်ရပ်ဟုလည်း ရှုမြင်ထားကြသည်။ Rafale နှင့် Su-30MKI ကဲ့သို့သော စတုတ္ထမျိုးဆက်လွန်တိုက်လေယာဉ်များ ပိုင်ဆိုင်ထားသည့် အိန္ဒိယနိုင်ငံအပေါ် အဟန့်အတားစွမ်းရည်များ ပြန်လည်ထူထောင်ရန် ရည်ရွယ်လိုရင်းဖြစ်နိုင်သည်။ အိန္ဒိယ၏ ပဉ္စမမျိုးဆက်တိုက်လေယာဉ် ပရိုဂရမ်ဖြစ်သည့် Advanced Medium Combat Aircraft (AMCA) သည် လာမည့် ၂၀၂၈ ခုနှစ်မတိုင်မီထိ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်လိမ့်ဦးမည် မဟုတ်ဘဲ ပါကစ္စတန်ဘက်မှ ဒေသတွင်း လေကြောင်း စွမ်းအားကွာဟချက်ကို နှစ်အတော်ကြာအောင် ချန်ထားနိုင်ခဲ့မည့် သဘောမျိုး သက်ရောက်နေသည်။ ယခုပေးပို့မှုသည် ပါကစ္စတန်အနေဖြင့် တရုတ်နိုင်ငံထုတ် ပဉ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်ကို ပိုင်ဆိုင်လာမည့် ပထမဆုံး ပြည်ပနိုင်ငံဖြစ်လာမည်ဖြစ်ပြီး ဒေသတွင်း လေကြောင်းစွမ်းအား သာလွန်သွားစေနိုင်မည့် လုပ်ဆောင်ချက်လည်း ဖြစ်ကြောင်း သိရသည်။

**China to Deliver FC-31 Jets to Pakistan 'Within Months' ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၅၈၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၅၈၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လတတိယပတ်မှစ၍ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲစင်းငုံဧက ၅၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဇွန်လတတိယပတ်ထဲမှာ စတင်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ လျာထားကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးသွားပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**ပြင်ဦးလွင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်း မြေပေါင်တင်ချင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် သုံးမိုင်၊ အကျယ် ၁၂ပေ မြေသား တစ်ပေ၊ ချင်းကျောက် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက သတ်မှတ် ဘဏ္ဍာနှစ်အတွင်း သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၆၃၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ ယခုဘဏ္ဍာနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဘော်ကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် ခဝဲသီးများ ဇွန်လပထမပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅၀၀၀ မှ ၆၀၀၀၀ ထိ အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိ ခဝဲသီးအလုံးရေ ၆၀၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ် ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေး ကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို ဝယ်ယူတာများနေပါတယ်။ အခုလိုဒေသထွက်ကုန် ခဝဲသီးတွေဝယ်ယူတာများလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူမှု အားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် ချောင်းဝကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇွန် ၈**


ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ချောင်းဝကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကိုအသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၇ ဒသမ ၆ သန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ချောင်းဝကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေကျပ် ၂၇ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအကအလှများ၊ သီချင်းများဖြင့် ကပြသရုပ်ဖော်တင်ဆက်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

**နှစ်နိုင်ငံ ပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်း တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ်အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည် . . .**

**မိမိတို့နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးမြေငလျင်လှုပ်ခတ်မှုအပြီး ချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ် . . .**

ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ သဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ ညဏ်ရည်တုသဘောထားများသည်အနာဂတ်ကမ္ဘာ၏ငြိမ်းချမ်းရေး၊တည်ငြိမ်အေးချမ်းရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟု ရှုမြင်ရသည့်အတွက်မြန်မာနိုင်ငံအနေဖြင့်ကြိုဆိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ဆက်ဆံရေးကို ပြည်သူတရုတ်အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန်သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါသဘောတူညီချက်မှ နှစ်နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် ခိုင်မာသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိနေသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း။

အခွင့်ကြုံခိုက်ယခုကဲ့သို့ သမိုင်းဝင်အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ထို့ပြင် **နှစ်နိုင်ငံပြည်သူများအတွက်ရေရှည်တည်တံ့သည့်ဘုံအကျိုးစီးပွားနှင့်ဒေသတွင်း တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်**

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့မှဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့်အခါသမယဖြစ်သကဲ့သို့သမိုင်းတစ်လျှောက်ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲခဲ့သည့်ချစ်ကြည်ရင်းနှီးမှု၊အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများနှင့်အနာဂတ်အတွက် တူညီသည့် သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်းဖော်ညွှန်းပြသသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ ခုနှစ်ရာစုနှစ်မြန်မာနိုင်ငံက ပျူမင်းဆက်များနှင့်တရုတ်နိုင်ငံတန်မင်းဆက်မှစ၍ ခေတ်အဆက်ဆက်ကုန်သွယ်ရေး၊စီးပွားရေး၊ယဉ်ကျေးမှု၊သံတမန်ရေးဆက်ဆံမှုသမိုင်းအထောက်အထားများစွာတွေ့ရမည်ဖြစ်ကြောင်း၊ သံတမန်ရေးဆက်ဆံမှုအနေဖြင့် အေဒီ ၁၁ ရာစု ပုဂံခေတ်တွင် မြန်မာသံတမန် ရှင်ဒိသာပါမောက်တရုတ်နိုင်ငံကိုသံခင်းတမန်ခင်းသွားရောက်ခဲ့သည့်သမိုင်းမှတ်တမ်းသည် မျက်မှောက်ခေတ်နှစ်နိုင်ငံ စွဲစွဲမြဲမြဲကျင့်သုံးနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဟုဆိုနိုင်ကြောင်း။

ခေတ်သစ်နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်၌ ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး ခေတ်အဆက်ဆက်နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကိုတစ်စထက်တစ်စပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုအခြေခံပြီး ၁၉၅၄ခုနှစ်က ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ်နိုင်ငံတကာ ဆက်ဆံရေးသမိုင်းတွင် စံနမူနာတစ်ခုဖြစ်စေခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှစတင်၍ မျက်မှောက်ခေတ်ကာလထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကို လက်ခံကျင့်သုံးနေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အခြေခံကျသည့်မူဝါဒအဖြစ် ခိုင်ခိုင်မာမာကျင့်သုံးလျက်ရှိကြောင်း၊ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်သည်များအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင်အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် “ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး” အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံဆက်ဆံရေး သမိုင်းတစ်လျှောက် သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများထဲမှ တစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကိုလာရောက်ခဲ့သည့် သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာ- **ရေးအတွက် မြန်မာ-တရုတ်အနာဂတ်အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကိုမြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်**ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မိမိအနေဖြင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခဲ့စဉ်ကာလအတွင်း တရုတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံယဉ်ကျေးမှုအကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

**မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုပေးအပ်ခဲ့၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံးပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့်ပြည်သူများအတွက် များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့၊ အချိန်တိုကာလအတွင်း ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား အိမ်နီးချင်းကောင်းမိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကို များစွာကျေးဇူးတင်ရှိ၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည်ဖြစ် . . .**

နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် စစ်မှန်သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရိုရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီးနှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုအရှိန်အဟုန်ကို မြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပခဲ့သည့် ရှစ်ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့စဉ်ကလည်း မိမိအနေဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများအကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့်ပထဝီဝင်အနေအထားတွင်ရှိနေကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွစဉ်ဆက်မပြတ်သာယာဝပြော ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသောစီမံကိန်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့်အားပေးထောက်ခံမှုများအတွက်လည်း များစွာ တန်ဖိုးထားကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့် အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုအားပေးထောက်ခံပြီး ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ခိုင်မာသည့်ရပ်တည်ချက်သည်မိမိတို့နှစ်နိုင်ငံအကြားတွင်ရှိသည့် နက်ရှိုင်းသောချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုထင်ဟပ်လျက်ရှိပါကြောင်း။

**မိမိတို့နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှအတူမျှဝေခံစားသည့်စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ** ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးမြေငလျင်လှုပ်ခတ်မှုအပြီး ချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချိန် (Golden Hour)၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်ကာလများအတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ် -၁၉ ရောဂါကိုလည်း မြန်မာနိုင်ငံအနေဖြင့်ဆိုးရွားစွာခံစားခဲ့ရကြောင်း၊အဆိုပါအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆေးများ၊ ပစ္စည်းများ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ထုတ်လုပ်ရေးဆိုင်ရာများတွင် အမြောက်အမြားကူညီပေးခဲ့ခြင်းကြောင့် မြန်မာပြည်သူများ ကိုဗစ်ရောဂါကင်းစင်ရေးအတွက် များစွာအထောက်အကူပေးခဲ့သည်ကိုလည်း ကျေးဇူးတင်ရှိခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

ထို့ပြင် မန္တလေးငလျင်ကြီးကြောင့်ပျက်စီးဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုပေးအပ်ခဲ့ကြောင်း၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံးပြည်ပအကူအညီဖြစ်သည့်တရုတ်နိုင်ငံ၏အချိန်မီပံ့ပိုးကူညီမှုများသည်မိမိတို့အစိုးရနှင့်ပြည်သူများအတွက်များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့ကြောင်း။

ထိုကဲ့သို့အချိန်တိုကာလအတွင်း ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား အိမ်နီးချင်းကောင်းမိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှုနွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေးမူဝါဒများထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှအသိုက်အဝန်း အတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုလိုကြောင်း။

ယခုကဲ့သို့မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှုအရှိန်အဟုန်ကိုတိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

အနာဂတ်နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သည့်ဆက်ဆံရေးကို ရှေးရှုပြီး မြန်မာ-တရုတ်ချစ်ကြည်ရေး ထာဝရအခွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံစဉ်ဆက်မပြတ်ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအကအလှများ၊တေးသီချင်းများဖြင့် ကပြသရုပ်ဖော်တင်ဆက်ပြသမှုများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှုသမိုင်းကြောင်း မှတ်တမ်းဗီဒီယိုဖိုင်ကို ကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေးမူဝါဒများထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှအသိုက်အဝန်း အတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် . . .**

**ယခုကဲ့သို့မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပြောကြားလို . . .**

# ဖြူစင်သောနှလုံး ကြည်လင်သောအပြုံးများဖြင့် ကမ္ဘာဆုံးတိုင်ခိုင်မြဲနေမည့် နှစ်နိုင်ငံချစ်ကြည်ရေး

မန္တလာကိုကိုဝင်း

နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာဝန်းကျင်အသိုင်းအဝိုင်းနှင့် မလွဲမသွေဆက်ဆံရမည်သာဖြစ်သည်။ ယင်းသို့ဆက်ဆံမှုပြုရာတွင် မိမိအကျိုး၊ သူတစ်ပါးအကျိုးမျှတမှုရှိသည်နှင့်အမျှ နိုင်ငံအချင်းချင်းဆက်ဆံမှုသည်အလွန်ပင်ကောင်းမွန်နေမည်ဖြစ်သည်၊ ကောင်းမွန်သည်နှင့်အမျှ လူ့အဖွဲ့အစည်းသည်တိုးတက်နေမည်၊ စည်ပင်ဝပြောနေမည်၊ ငြိမ်းချမ်းသာယာနေပေလိမ့်မည်။ နိုင်ငံအချင်းချင်းဆက်ဆံရာတွင် မာန်မာနနှင့်အသာစီးရလိုမှုကိုလျှော့ချ၍ ညီညွတ်မျှတသည့်လူမှုစီးပွားဝန်းကျင်နှင့် ကြီးပွားဖွံ့ဖြိုးတိုးတက်သည့်ချမ်းသာသုခကိုတန်းတူညီမျှ ငြိမ်းအေးစွာအတူမျှဝေခံစားနိုင်မည့် ရာစုသစ် နိုင်ငံတကာဆက်ဆံမှုပုံစံသစ်ကိုပုံဖော်ကြရမည်ဖြစ်သည်။ ရိုးသားမှု၊ ပွင့်လင်းမှု၊ စိတ်ကောင်းစေတနာကောင်းရှိမှုတို့သည်အပြန်အလှန်အကျိုးပြုစောင့်ရှောက်၍ ခိုင်မြဲသောဆက်ဆံရေးဖြစ်လာပေလိမ့်မည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ ထာဝရခိုင်မြဲသောဆက်ဆံရေးဖြစ်သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေးခိုင်မြဲလျက်ရှိသည်မှာ စိန်ရတုအချိန်ကာလသို့ ရောက်ရှိပြီဖြစ်သည်။ မိမိတို့နှစ်နိုင်ငံသည်အိမ်နီးချင်းကောင်းများအဖြစ် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်သော သမိုင်းကောင်းများကသက်သေထူလျက်ရှိသည်။ တရုတ်နိုင်ငံ၏ရှေးဟောင်းရာဇဝင်သမိုင်းစဉ်ကိုလေ့လာကြည့်သည့်အခါ တရုတ်နိုင်ငံ၏ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဖြစ်သည်။ ရှေးဟောင်းဒဏ္ဍာရီတွင် စစ်သေနာပတိသုံးဦးနှင့် ဧကရာဇ်မင်းငါးပါးတို့သည် တရုတ်ပြည်၏ပထမဆုံးအုပ်ချုပ်သူများဖြစ်ကြသည်။ ၎င်းတို့ကိုတရုတ်ပြည်သူများ၏ ဘိုးဘေးများအဖြစ်သတ်မှတ်ထားခဲ့သည်။

မြန်မာတို့သည် မြန်မာအစစတကောင်းကပဟုမှတ်တမ်းပြုထားသည်၊ ထိုမှတစ်ဆင့်ပျူခေတ်၊ ပုဂံခေတ်စသည်ဖြင့်ခေတ်ကာလများပြောင်းလဲလာခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမမြန်မာနိုင်ငံဟုမော်ကွန်းထိုးနိုင်လောက်အောင် စည်းလုံးညီညွတ်ခဲ့သည့်ကာလသည် ပုဂံခေတ်ကာလဖြစ်သည်။ ပုဂံခေတ်၏ဗိသုကာလက်ရာများ၊ ဘုရား၊ ပုထိုး၊ စေတီကျောင်းကန်များကိုလေ့လာကြည့်လျှင် ထိုခေတ်က မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းသည် နိမ့်ကျခြင်းမရှိကြောင်းသိရှိနိုင်သည်။ အနော်ရထာဘုရင်နှင့် စစ်သူကြီးလေးဦးဖြစ်သည့် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့်ညောင်ဦးဖီးတို့အကြောင်းသည်စံပြုထိုက်သူများဖြစ်ကြသည်။



ပုဂံခေတ်မတိုင်မီ ပျူခေတ်သည်လည်း ဖွံ့ဖြိုးတိုးတက်ပြီး စစ်ရေးစစ်ရာတွင်ရဲရင့်ကျွမ်းကျင်သောသူရဲကောင်းရှိခဲ့မည်သာဖြစ်သည်။ မှတ်တမ်းတင်မှုနည်းပါးသည့်အတွက် ခိုင်ခိုင်မာမာမပြောနိုင်သော်လည်း ပြန်လည်တူးဖော်တွေ့ရှိထားသော အထောက်အထားများက သက်သေပြလျက်ရှိသည်။ ထို့ပြင်ပျူခေတ်တွင် မြန်မာတို့၏ယဉ်ကျေးမှုအနုသုခုမပညာအဆင့်အတန်းသည် မြင့်မားနေပြီဖြစ်ပြီး ပြည်ပနိုင်ငံများသို့ပင်ချစ်ကြည်ရေးခရီးသွားလာနေပြီဖြစ်သည်။ ထိုအချက်အလက်အကြောင်းအရာများကို တရုတ်နိုင်ငံ၏မှတ်တမ်းများတွင်တွေ့မြင်ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်ကိုယ်တိုင်ရေးသားခဲ့သည့် နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များဆောင်းပါးတွင် “အေဒီ ၄ ရာစုတုန်းက ကျွန်တော်တို့၏ဘိုးဘွားများသည် စီချွမ်-ယူနန်-မြန်မာ-အိန္ဒိယကိုဖြတ်သန်းသည့် ရွှေလမ်းငွေလမ်းကိုဖောက်လုပ်ခဲ့ပြီး ကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ တရုတ်ထန်မင်းဆက်ခေတ်က မြန်မာပျူခေတ်မင်းသားဦးဆောင်သည့် အနုပညာရှင်များအဖွဲ့သည် မိုင်ထောင်ချီခရီးနှင်၍ ချန်အန်းမြို့သို့လာရောက်ခဲ့ရာ တရုတ်နာမည်ကြီးကဗျာဆရာ ပိုင်ဂျီးယိကကျော်ကြားလှသည့် ပျူခေတ်တေးသံကဗျာကိုရေးစပ်သီကုံးခဲ့ပါသည်” ဟု ဖော်ပြထားသည်။ ဤဆောင်းပါးမှာ မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့်အထိမ်းအမှတ်အတွက် ရေးသားသည့်ဆောင်းပါးဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်းကို ဆောလျင်စွာ အသိအမှတ်ပြုထားသည့်နိုင်ငံဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်နိုင်ခဲ့သည်။ ခေတ်သစ်ကာလတွင်သံတမန်ထူထောင်ခြင်းမှာ စိန်ရတုသို့တိုင်ခဲ့ပြီဖြစ်သော်လည်း ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးကောင်းများကိုထူထောင်ထားရှိသည့်နိုင်ငံများဖြစ်သည်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုတွင်လည်း မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည်ဗုဒ္ဓဘာသာကို အထူးပင်သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်။ တရုတ်နိုင်ငံ၏နေရာအနှံ့အပြားတွင် ဘုရားစေတီများ၊ ကျောင်းကန်များတည်ရှိနေခြင်း၊ မြတ်ဗုဒ္ဓ၏စွယ်တော်အစစ်တည်ရှိနေခြင်းတို့ကိုကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုအရှိန်အဟုန်မြင့်မားကြောင်းသိရှိနိုင်သည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှာ ရေမြေချင်းရှည်လျားစွာဆက်စပ်လျက်ရှိသည်။ ဘာသာရေးအရ၊ လူမျိုးရေးအရ ပဋိပက္ခဖြစ်ပွားခြင်းမျိုးမရှိဘဲအေးအတူပူအမျှ နေထိုင်လျက်ရှိသည်။ အိမ်နီးချင်းဆိုသည်မှာ မိတ်ဆွေရင်းချာများဖြစ်သည်။ တစ်နည်းဆိုရလျှင် မိတ်ကောင်းဆွေကောင်းများဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှာ အနာဂတ်အတွက်မိတ်ကောင်းဆွေကောင်းနှင့်ခရီးသွားနေသည့်အသွင်သဏ္ဍာန်ဖြစ်သည်။ မိတ်ကောင်းဆွေကောင်းဆိုသည်မှာ မိမိကိုအင်မတန်ပေးနိုင်ခဲသည့်အရာကိုပေးတတ်သည်။ အင်မတန်ပြုနိုင်ခဲသည့်အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်သည်။ ဘေးရန်အန္တရာယ်များနှင့်ကြုံရသည့်အခါ မိမိကိုစွန့်ပစ်ကျောခိုင်းမသွားဘဲ အတူတူကူညီဖြေရှင်းပေးသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပတ်သက်လာလျှင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလက်ကိုင်ထားရှိသည်၊ တရုတ်နိုင်ငံပြိုကွဲရေးလုပ်ဆောင်မည့်ရန်စွယ်အန္တရာယ်မှန်သမျှကိုလည်းအားပေးမည်မဟုတ်ပါ။ ထို့အတူ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် နိုင်ငံတကာမျက်နှာစာ၌တိကျပြတ်သားစွာ မြန်မာနိုင်ငံဘက်ကရပ်တည်ပေးလျက်ရှိသည်၊ အိမ်နီးချင်းဆိုသည်မှာ ရွေးချယ်၍ရသည့်အရာမဟုတ်သည့်အတွက် နှစ်နိုင်ငံအိမ်နီးချင်းကောင်းဖြစ်နေစေရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ၏အမြော်အမြင်ကြီးမားမှုသည် အဓိကဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်ကြီးများအဆက်ဆက်သည် နှစ်နိုင်ငံချစ်ကြည်ရေးကိုသာခိုင်မာစွာတည်ဆောက်ပေးခဲ့ကြသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူသည် လွန်စွာသမာသမတ်ရှိပြီး ကောင်းမွန်သည့်မူဝါဒဖြစ်သည်။ တစ်နိုင်ငံ၏အချုပ်အခြာအာဏာကိုတစ်နိုင်ငံကလေးစားခြင်းမှာမြင့်မားသောဂုဏ်သိက္ခာဖြစ်သည်။

ထိုသို့မှန်ကန်ကောင်းမွန်သည့် မူကြီးငါးရပ်ကိုယနေ့တိုင်ခိုင်မြဲစွာကျင့်သုံးလျက်ရှိသည့်အတွက် မြန်မာ-တရုတ်ဆက်ဆံရေးသည် နှစ်ပေါင်းထောင်သောင်းမကတည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်၊ တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်က “နာကြည်းမှုတွေကိုမေ့ပစ်ပါ။ ကြင်နာမှုတွေကိုမမေ့ပါနှင့်” ဟုဆိုထားသည်၊ တရုတ်စကားပုံတစ်ခုတွင် “ဖြည်းဖြည်းနင်းသောသူသည် ခရီးကို ပိုမို၍သွားနိုင်လေသည်” ဟု ဖော်ပြထားသည်။ ဤအဆိုအမိန့်နှင့် စကားပုံတို့မှာ နှစ်နိုင်ငံချစ်ကြည်မှုခိုင်မြဲစေရေးအတွက် အလေးထားရမည့်အရာများဖြစ်သည်။ ဖြူစင်သောစိတ်ထားကိုအခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏အကြီးဆုံးကုန်သွယ်ဖက်နှင့်ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၏အဓိကအရင်းအမြစ်ဖြစ်သည်။ မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးသည့်အခန်းကဏ္ဍမှပံ့ပိုးပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံအကြားရှိထူးကဲသည့်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှာလည်း နှစ်နိုင်ငံပြည်သူများအကြားကဏ္ဍစုံကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်တိုးပွားလျက်ရှိသည်။ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုပိုမိုနက်ရှိုင်းလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏အန္တိမရည်မှန်းချက်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကလွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် နှစ်ကုန်တွင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအတွက် လိုအပ်သည့်အရာမှန်သမျှကိုလည်း ပြင်ဆင်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးကလည်း အပြည့်အဝထောက်ခံထားပြီး လိုအပ်သည့်အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

**စာမျက်နှာ ၁၉ သို့**

# မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇွန် ၈**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊သံတမန်များ၊သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက် ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ခိုင်မာမြဲမြံသည့် သံတမန်ဆက်ဆံရေး ထူထောင်မှု ၇၅ နှစ်တာ ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ သာတူညီမျှမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒများကိုအခြေခံကာ အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိမှုကို အလေးထားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်များဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရေးကို အခိုင်အမာသဘောတူညီခဲ့မှုအား ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့နှင့် တွေ့ဆုံမှုများ၏ ရလဒ်ကောင်းများဖြစ်သည့် သဘောတူညီချက်များကို ကြိုးပမ်းအကောင်အထည်ဖော်ရေး အတည်ပြုပြောကြားသည်။ ထို့ပြင်မန္တလေးငလျင်လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံက အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးကူညီမှုများအတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ခဲ့ပြီး တရုတ်နိုင်ငံက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့မှုကို ကျေးဇူးတင်ရှိသည့်အနေဖြင့် မြန်မာအစိုးရက ပေးအပ်သည့် အမှတ်တရဂုဏ်ပြုတံဆိပ်များအား တရုတ်သံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်မည့် ကတိကဝတ်များကို ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသည့်ဧည့်သည်တော်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေကြသည်။

ဖျော်ဖြေမှုများအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က နှစ်ဖက်အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည်၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင်ကျရောက်သည့် မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက်အထိမ်းအမှတ်အခါသမယတွင် သဝဏ်လွှာများအပြန်အလှန်ပေးပို့ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံပေးပို့သည့်သဝဏ်လွှာတွင် **"ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့်ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကိုဖော်ထုတ်နိုင်ရေးအတွက်အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန်မျှော်လင့်ပါသည်"**ဟူ၍ ဖော်ပြထားသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်များပြားလျက်ရှိသည်။ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိတရုတ်-မြန်မာစီးပွားရေးစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများကို နှစ်နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်းထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး စွမ်းအင်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပြည်သူ့ကျန်းမာရေးအစရှိသည့်အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းများရရှိခဲ့သည်။ ထိပ်သီးအစည်းအဝေးကာလအတွင်း ဒေသနှင့်ကမ္ဘာ့တစ်ဝန်းတည်ငြိမ်ရေးနှင့်လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများအား အတူတကွပူးပေါင်းတိုက်ဖျက်မှုများကိုအရှိန်အဟုန်မြှင့်တင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံပေးပို့သည့်သဝဏ်လွှာတွင် "ပြီးခဲ့သည့်မေလက အဆွေတော်နှင့်ရုရှားနိုင်ငံ၌တွေ့ဆုံစဉ်မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှအသိုက်အဝန်း မြှင့်တင်ထူထောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည့် သဘောတူညီချက်များရရှိခဲ့ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက်အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်လျက်ရှိပါသည်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု(၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်ဝန်းနှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ်-မြန်မာအေးအတူပူအမျှအသိုက်အဝန်းတည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့်အကျိုးစီးပွားများကို အတူတကွဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်"ဟူ၍ ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့်၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင်ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကိုတက်ရောက်ခဲ့စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စစ်မှန်သည့်မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုအရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်ရေးများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့သည်။

ယခုတွင်လည်း မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာတည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့် သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့်အခမ်းအနားဖြစ်သည်။

ထို့နောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ဇွန်လ ၈ ရက် ည ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည်။ မြန်မာနိုင်ငံဘက်မှတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးမစ္စမာကျားနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ်အတူယှဉ်တွဲနေထိုင်လျက်ရှိသည်မှာယနေ့တိုင်ဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးမှာ တဖြည်းဖြည်း ပိုမိုနက်ရှိုင်းလာခဲ့ပြီး ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှသည် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ခဲ့ကြသည်။ နှစ်နိုင်ငံအတွက် အဓိကအရေးပါသည့်အကျိုးစီးပွားနှင့် ဘုံအရေးပါသည့်ကိစ္စရပ်များတွင် နှစ်ဖက်အကြား အပြန်အလှန်ခိုင်မာစွာထောက်ခံရပ်တည်ပေးလျက်ရှိခြင်းတို့သည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး၏ကောင်းမွန်သည့်သာဓကအဖြစ်တည်ရှိနေမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက်အချိန်အခါသည်ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်အခါသမယဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၊ ပြည်သူများ၏ဖြူစင်သောနှလုံးသား ကြည်လင်သောအပြုံးများဖြင့် ကမ္ဘာဆုံးတိုင်ခိုင်မြဲနေမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ॥

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့ ရတနာဗိမာန်ထူပါရုံရွှေကျောင်းတိုက် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သကျဓီတာသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင် ရှင်းလင်းနေမှုအခြေအနေများ၊ ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ် ဆောက်လုပ်နေမှု အခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကိုလည်းကောင်း၊ စီတီးရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများနှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဘူတာဝင်းအတွင်း၌ Modular Container House ဖြင့် ယာယီရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မီးရထားသံလမ်းတစ်လျှောက် အမှိုက်ကင်းစင်ရေးနှင့် အမှိုက်ပုံးများ စနစ်တကျထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ချည်မျှင်နှင့် ချည်ထည်များ ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ကူမဲ)တွင် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးတို့အား တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး မြစ်သားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် ကူမဲမြို့ရှိ ဝွေ့ကြီးဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ သကျဓီတာသီလရှင်စာသင်တိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၈**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်တွင် တည်ထားကိုးကွယ်မည့် ရွှေဘုံသာစေတီတော်အသစ်အား မြေသန့်ပရိတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား ကျင်းပ



စစ်ကိုင်းမြို့ သောတပန် ရပ်ကွက်တွင် တည်ထား ကိုးကွယ်မည့် ရွှေဘုံသာစေတီတော် အသစ်အား မြေသန့်ပရိတ်ရွတ် ဖတ်ပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် လေးကျွန်းမာရ်အောင် ဘုရားပုရိဝုဏ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ရွှေဘုံသာစေတီတော်မြတ်ကြီးအား အသစ်ပြန်လည် တည်ထားကိုးကွယ်မည့် မြေနေရာအား မြေသန့်ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ရာ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာ ပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ စည်သူ့ဘွဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရတနာဓူဝံချောင်ကျောင်းတိုက် ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက မြေသန့်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှဝေကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၃၄၈၀၇ ပါး/ဦးအနက် ၂၆၆၅၅ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၁၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇွန် ၉ ရက်မှ ၁၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းသည် စားအုန်းဆီတစ်ပိဿာလျှင် ၆၁၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# စစ်ကိုင်းမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ငွေကျပ် ၉၁၇ ဒသမ ၀၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ



**နေပြည်တော် ဇွန် ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းက သတင်းအရ စစ်ကိုင်းမြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရွာသာရွာကျေးရွာလမ်းပေါ်တွင် သီတာ၊ အေးမြတ်မွန်၊ ခင်စုကြည်(ခ)မိုးမိုးနှင့် ရွှေဇင်မာတို့ လေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀) နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၃၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ဘင်စုရပ်ကွက် စက်မှုဇုန်သွားလမ်းပေါ်တွင် ဒေါ်မြိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၅ ပြား (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၄ ဒသမ ၅၂၅ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ဆေးပြားများရောင်းချပေးသူ မမဲလုံးအား ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် ကျေးရွာအဝင်လမ်းမပေါ်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ယမန်နေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ရွှေတိဂုံဘုရားအဆင်းလမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ရွှေတိဂုံဘုရားဘက်မှ နတ်စင်လမ်းဘက်သို့လမ်းလျှောက်လာသူ စိုင်းအောင်ခမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၇၀ သိန်း ၇၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ကျောင်းလမ်းရှိ ၎င်းနေထိုင်သည့်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခမ်း ၂၆ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တန့်ယန်းမြို့ ရပ်ကွက်(၉)နေ မနန်းခမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၄၉ သိန်း)ဖမ်းဆီးရမိသဖြင့် မနန်းခမ်း ၄၃ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

လက်နက်ငယ် ကိုယ်စီကိုင်ဆောင်၍ စက်လှေဆိပ်သို့ရောက်ရှိလာပြီး ဆရာမအား DCS ပြုလုပ်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်ပြောဆိုပြီး မကြီးကျေးရွာဘက်သို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် စေတုတ္တရာမြို့၏ မြောက်ဘက်မိုင် ၂၄၀၀၀ ခန့်အကွာရှိ ပန်းအိကျေးရွာအတွင်း နေရာနှစ်နေရာမှ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသူများအနက် ဆရာမဒေါ်ဖြိုးဝေဝေမြင့် အထက်တန်းပြ (အထကခွဲ၊ ရေသောင်)၊ ဒေါ်ချိုသဇင်ဦး လ/ထမူပြ (မူလွန်၊ တောင်ဟန်ဒေါက်)၊ မခင်မိုးဝေ တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မနွေးနွေးလှိုင် တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မခင်စုစုလှိုင် ဒုတိယနှစ် ပညာရေးကောလိပ်(ပခုက္ကူ) စုစုပေါင်း ငါးဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသည့်ပညာရေးကောလိပ်ကျောင်းသား တစ်ဦး၊ ကျောင်းသားမိဘ နှစ်ဦး၊ အရပ်သူတစ်ဦး စုစုပေါင်း လေးဦးတို့ကို အမြန်ဆုံးရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ပြန်လည်ကယ်တင်ခေါ်ယူနိုင်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ အတင်းအဓမ္မ DCS လုပ်ဆောင်စေခြင်းနှင့် လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး PDF အကြမ်းဖက်သမားများ၏လူမဆန်သောလုပ်ရပ်များအား သတင်းရရှိက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့နိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

---

**၂၀၂၅ ခုနှစ် ဇွန် ၈ ရက်**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း


| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


---

**❑ မိုးထစ်ချုန်းခြင်းတို့ဖြစ်ပေါ်နိုင်မှုအဆက်**

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ ဇလ)**




---

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၈ ရက်ထိ သေဆုံးသူဦးရေ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၆ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၌ အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သော Bhargavastra ဒရုန်းတန်ပြန်စနစ်

မျက်မှောက်ခေတ်တွင် ဒရုန်းများအသုံးပြုတိုက်ခိုက်လာမှုသည် အထင်ကရနည်းလမ်းတစ်ခုဖြစ်လာကာ အင်အားကြီးနိုင်ငံများပင် ထိုတိုက်ခိုက်မှုများကို ကာကွယ်ရေးကြိုးပမ်းမှုများ လုပ်ဆောင်လာသည်။ နည်းပညာမြင့်မားသော နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်အိန္ဒိယသည်ပင် အလားတူကြိုးပမ်းလာသည်။ အိန္ဒိယက တစ်အုပ်တစ်မလုပ်ဆောင်မှုဖြင့် ကြီးထွားလာနေသော ဒရုန်းခြိမ်းခြောက်မှုကိုဆန့်ကျင်သည့် ပြည်တွင်းထုတ် Bhargavastra ဟုခေါ်သော ဒရုန်းတန်ပြန်စနစ် ဖော်ဆောင်မှုသည် နိုင်ငံ၏ ခုခံကာကွယ်ရေးစွမ်းရည်တွင်သိသာထင်ရှားသောတိုးတက်မှုကို ဖြစ်စေသည်။

၎င်းပြည်တွင်းထုတ်စနစ်သည် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်တွင် ဩဒိသျှရှိပင်လယ်ပြင်မျက်နှာမှုသည့် စမ်းသပ်ရေးကွင်းတွင် ပြင်းထန်သောစမ်းသပ်မှုကိုပြုလုပ်ခဲ့ပြီး ဝေဟင်မှအန္တရာယ်များကို ကင်းစင်စေသည့် ထူးခြားသောစွမ်းဆောင်ရည်ကိုပြသခဲ့သည်။ ယခုစမ်းသပ်မှုသည် ပါကစ္စတန်နှင့် မကြာသေးမီက နယ်နိမိတ်ပဋိပက္ခများအပြီးတွင်ထွက်ပေါ်လာပြီး ပြည်တွင်းထုတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော လုံခြုံရေးစိန်ခေါ်မှုများကို အိန္ဒိယ၏အပြုသဘောဆောင်သောချဉ်းကပ်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံကြားတင်းမာမှုများ မြင့်တက်နေချိန်တွင် Bhargavastra စနစ်၏ဖွံ့ဖြိုးတိုးတက်မှုသည် အထူးသိသာထင်ရှားသည်။ ပြင်းထန်သော ပဋိပက္ခအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ရက်ပိုင်းအကြာတွင် အောင်မြင်စွာစမ်းသပ်ခဲ့ခြင်းဖြစ်သည်။

Bhargavastra စနစ်ကို Solar Defence and Aerospace Limited (SDAL) က ဒီဇိုင်းထုတ်ထားပြီး အဆိုပါစနစ်သည် မောင်းသူမဲ့လေယာဉ်များ၏ ခြိမ်းခြောက်မှုကို တန်ပြန်ရန် ရည်ရွယ်ထားသည့် အိန္ဒိယ၏ ပထမဆုံးသောပြည်တွင်းထုတ် မိုက်ခရိုဒုံးကျည်စနစ်ဖြစ်သည်။ ၂၀၂၅ခုနှစ် မေ ၁၃ ရက်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့မှုသည် ဒုတိယအကျော့စမ်းသပ်မှုဖြစ်ပြီး ကနဦးစမ်းသပ်မှုများကို ယခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည်။ ၎င်းအောင်မြင်သောစမ်းသပ်မှုသည် အိန္ဒိယ၏ စစ်ဘက်စက်မှုလုပ်ငန်းအတွင်း ကာကွယ်ရေးနည်းပညာ၏ လျင်မြန်စွာတိုးတက်မှုနှင့် နိုင်ငံ၏ကာကွယ်ရေးထုတ်လုပ်မှုများ ကိုယ့်အားကိုယ်ကိုးထုတ်လုပ်နိုင်မှုကို သက်သေပြခဲ့ခြင်းဖြစ်သည်။

**နည်းပညာစွမ်းရည်နှင့်အင်္ဂါရပ်များ-အလွှာပေါင်းစုံကာကွယ်ရေးစနစ်**

Bhargavastra စနစ်သည် ဒရုန်းအန္တရာယ်များကိုတန်ပြန်ရန် ခေတ်မီအလွှာပေါင်းစုံချဉ်းကပ်နည်းကို အသုံးပြုထားပြီး မောင်းသူမဲ့လေယာဉ်တစ်စင်းချင်းစီနှင့် အစုလိုက်အပြုံလိုက်ပူးပေါင်း တိုက်ခိုက်မှုများကို တန်ပြန်ရာတွင် ထိရောက်မှုဖြစ်စေသည်။ ပထမအလွှာတွင် ဒရုန်းအုပ်စုများကို ၂ ဒသမ ၅ ကီလိုမီတာအကွာအဝေးမှဖယ်ရှားရန် ဒီဇိုင်းထုတ်ထားသည့် အချင်းမီတာ၂၀ အတွင်း ထိခိုက်မှုဖြစ်စေသော လမ်းညွှန်မဲ့မိုက်ခရိုဒုံးများ ပါဝင်သည်။ ၎င်းကနဦးခံစစ်အလွှာသည် အစုလိုက်အပြုံလိုက် နည်းဗျူဟာများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပေးကာ ဝင်လာသောပစ်မှတ်များစွာကို ထိထိရောက်ရောက်တိုက်ခိုက်နိုင်သည်။ ဒုတိယအလွှာတွင် တိကျသောပစ်မှတ်များနှင့် ခြိမ်းခြောက်မှုများကိုဖယ်ရှားရန်အတွက် တိကျသောပစ်မှတ်များကို တန်ပြန်တိုက်ခိုက်မည့် ပဲ့ထိန်းမိုက်ခရိုဒုံးများပါရှိပြီး ဖျက်စွမ်းအားပြင်းဒရုန်းများကို အလွန်တိကျစွာ တိုက်ခိုက်နိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါစနစ်သည် အမျိုးမျိုးသော ဒရုန်းခြိမ်းခြောက်မှုဖြစ်စဉ်များကိုပေါင်းစပ်ကာ ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးနိုင်သည့်အပြင် ဖိဖျက်နှောင့်ယှက်မှုနှင့်လှည့်ဖြားခြင်းကဲ့သို့သော ဖျက်ဆီးမှုနည်းလမ်းများဖြင့် တတိယအလွှာကိုပေါင်းစပ်နိုင်သည်။

**အဆင့်မြင့် ထောက်လှမ်းမှုနှင့် ကွပ်ကဲမှုစနစ်များ**

Bhargavastra စနစ်တွင် လည်ပတ်လုပ်ဆောင်မှုတစ်ခုလုံး၏ ဦးနှောက်ကို ဖန်တီးပေး




သည့် အဆင့်မြင့်ကွပ်ကဲမှု၊ ကြီးကြပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာနှင့် ထောက်လှမ်းရေးခေါ် C4I (Command, Control, Communications, Computers and Intelligence) နည်းပညာပါရှိသော ခေတ်မီကွပ်ကဲထိန်းချုပ်မှုစနစ်ကို တပ်ဆင်ထားသည်။ ၎င်း၏ ရေဒါစနစ်သည် အလယ်အလတ်မှ ကြီးမားသော မောင်းသူမဲ့လေယာဉ်များကို ခြောက်ကီလိုမီတာမှ ၁၀ကီလိုမီတာ အကွာအဝေးထိ ထောက်လှမ်းနိုင်ပြီး အရေးကြီးသော ကြိုတင်သတိပေးခြင်းများကို ပေးစွမ်းနိုင်သည်။ ၎င်းတိုးချဲ့ထောက်လှမ်းမှုအကွာအဝေးသည် အော်ပရေတာများ ခြိမ်းခြောက်မှုများကို အကဲဖြတ်ရန်နှင့် ထိတွေ့မှုဇုန်အတွင်းသို့ မဝင်မီ သင့်လျော်သောတုံ့ပြန်မှုများကို ဆုံးဖြတ်ရန် အဖိုးတန်အချိန်ပေးသည်။ ထို့ပြင် Bhargavastra ၏ Electro-Optical/Infrared (EO/IR) အာရုံခံကိရိယာအစုံသည် သမားရိုးကျရေဒါစနစ်များကို အသုံးပြု၍ ရှာဖွေရခက်သည့် ပစ်မှတ်များကို တိကျစွာဖော်ထုတ်နိုင်သည်။ ၎င်းဘက်စုံအာရုံခံလုပ်ဆောင်မှုသည် ကိုယ်ပျောက်သွင်ပြင်လက္ခဏာများဖြင့် ဒီဇိုင်းထုတ်ထားသောမောင်းသူမဲ့လေယာဉ်အမျိုးအစားများအပါအဝင် ဒရုန်းအမျိုးအစား အမျိုးမျိုးကို ထိရောက်စွာထိန်းသိမ်းနိုင်စေသည်။

**စွယ်စုံရမှုနှင့် လိုက်လျောညီထွေရှိမှု**

Bhargavastra ၏ အဓိကအားသာချက်များအနက်တစ်ခုမှာ စစ်ဆင်ရေးလိုအပ်ချက်များနှင့် အသုံးချမှုအခြေအနေများအပေါ် အခြေခံ၍ စိတ်ကြိုက်ပြင်ဆင်နိုင်စေမည့် ၎င်း၏ပုံစံတူ ဒီဇိုင်းဖြစ်သည်။ စနစ်ကို မတူညီသောအာရုံခံကိရိယာများနှင့် ပစ်ခတ်မှုကို လိုအပ်သလိုပြင်ဆင်သတ်မှတ်နိုင်ပြီး ၎င်းကို အလွှာလိုက်နှင့် အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေး လွှမ်းခြုံမှုအတွက် ပေါင်းစပ်ပုံစံဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်းပြောင်းလွယ်ပြင်လွယ်ရှိမှုသည် အကွာအဝေးအမျိုးမျိုးနှင့်မတူညီသော နည်းဗျူဟာအခြေအနေများတွင် ပစ်မှတ်များကို ထိတွေ့နိုင်စေကာ ကျယ်ပြန့်သောစစ်ရေးအသုံးချမှုများအတွက် သင့်လျော်စေသည်။ ထို့ပြင် Bhargavastra သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၀၀၀ ကျော် မြင့်သော ဒေသများအပါအဝင် အိန္ဒိယနိုင်ငံ၏ မတူကွဲပြားသော ပထဝီမြေမျက်နှာသွင်ပြင်ကို ဖြန့်ကြက်ရန်အတွက် အထူးဒီဇိုင်းထုတ်ထားသည်။ ၎င်းပြောင်းလွယ်ပြင်လွယ်လုပ်ဆောင်နိုင်သည့် လိုက်လျောညီထွေဖြစ်မှုသည် တောင်တန်းနယ်နိမိတ်များ၊ သဲကန္တာရဒေသများနှင့် ကမ်းရိုးတန်းဒေသများ တစ်လျှောက် အိန္ဒိယ၏ လက်နက်ကိုင်တပ်ဖွဲ့များ ရင်ဆိုင်နေရသော ထူးခြားသည့်စစ်ဆင်ရေး တောင်းဆိုချက်များကို တိုက်ရိုက်ဖြေရှင်းပေးနိုင်သည်။

**စွမ်းဆောင်ရည်နှင့် စွမ်းရည်စမ်းသပ်ခြင်း**

မေ ၁၃ ရက်က ပြုလုပ်ခဲ့သော စမ်းသပ်မှုတွင် Bhargavastra စနစ်၏ စွမ်းဆောင်နိုင်မှုရှုထောင့်အမျိုးမျိုးကိုပြသသည့် သီးခြားစမ်းသပ်မှုသုံးခုပါဝင်သည်။ စမ်းသပ်မှုနှစ်ခုတွင် ဒုံးကျည်တစ်စင်းစီပစ်ခတ်ခြင်းပါဝင်ပြီး တတိယစမ်းသပ်မှုတွင် ဒုံးကျည်နှစ်စင်းကို နှစ်စက္ကန့်အတွင်းပစ်ခတ်ခြင်းဖြင့် စနစ်၏ တစ်ပြိုင်နက်ပစ်ခတ်မှုစွမ်းရည်ကို ပြသခဲ့သည်။ ဒုံးကျည်လေးစင်းလုံးသည် မျှော်လင့်ထားသည့်အတိုင်းလုပ်ဆောင်ခဲ့ပြီး လိုအပ်သောပစ်လွှတ်မှုဆိုင်ရာကန့်သတ်ချက်များကို အောင်မြင်ခဲ့ကာ ထိန်းချုပ်ထားသော စမ်းသပ်မှုအခြေအနေများအောက်တွင် စနစ်၏ ဒီဇိုင်းနှင့် လည်ပတ်လုပ်ဆောင်မှုထိရောက်ခြင်းကို သက်သေပြခဲ့သည်။ ၎င်းစမ်းသပ်မှုများကို ကြည်းတပ်လေကြောင်းကာကွယ်ရေး (AAD) တပ်ဖွဲ့မှ အကြီးတန်းအရာရှိများရှေ့မှောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယ၏ စစ်ရေးဖွဲ့စည်းမှုစနစ်တွင် ၎င်းစနစ်နှင့်ဆက်စပ်နေသော မဟာဗျူဟာမြောက်အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။ Bhargavastra စနစ်၏ အထူးထင်ရှားသောအင်္ဂါရပ်မှာ ၎င်း၏ မိုက်ခရိုဒုံးကျည် ၆၄ စင်းကို တစ်ပြိုင်နက်ပစ်လွှတ်နိုင်စွမ်းရှိပြီး ဒရုန်းအများအပြား၏ ခြိမ်းခြောက်မှုကို တစ်ပြိုင်နက် တန်ပြန်နိုင်စေသည်။

**ပြောင်းလဲလာသော ခြိမ်းခြောက်မှုများအပေါ် တုံ့ပြန်မှု**

Bhargavastra စနစ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်သောစမ်းသပ်မှုသည် ဒရုန်းစစ်ဆင်ရေးက ခေတ်သစ်ပဋိပက္ခများ၏ အရေးပါသောကဏ္ဍတစ်ခုဖြစ်လာသောအခါတွင် အရေးကြီးသောအချိန်၌ ရောက်ရှိလာသည်။ အိန္ဒိယနှင့် ပါကစ္စတန်ကြား မကြာသေးမီကတိုက်ပွဲများသည် ဒရုန်းများအစုလိုက်အပြုံလိုက်တိုက်ခိုက်မှုဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုကိုပြသခဲ့ပြီး ပါကစ္စတန်သည် တူကီယဲထုတ် Bayraktar-TB2 နှင့် YIHA မောင်းသူမဲ့လေယာဉ်များကိုအသုံးပြု၍ အိန္ဒိယကို တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ ၎င်းပဋိပက္ခအတွင်း အိန္ဒိယသည် ကာကွယ်ရေးစနစ်အမျိုးမျိုးဖြင့်ဝင်လာသော ဒရုန်းရာပေါင်းများစွာကို အောင်မြင်စွာကြားဖြတ်နိုင်ခဲ့သော်လည်း Bhargavastra ကဲ့သို့ တန်ပြန်ဒရုန်းစွမ်းရည် အရေးတကြီးလိုအပ်နေကြောင်း သိနားလည်ပြီးနောက် အဆိုပါစနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ထိုစနစ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခေတ်သစ်စစ်ပွဲ၏ လျင်မြန်စွာပြောင်းလဲနေသော ခေတ်သစ်စစ်မြေပြင်အခင်းအကျင်းတွင် ပေါ်ပေါက်လာသည့်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ၎င်း၏ ခုခံကာကွယ်မှုစစ်စွမ်းရည်ကို လိုက်လျောညီထွေဖြစ်စေရန် အိန္ဒိယ၏ တက်ကြွသောချဉ်းကပ်မှုကို ကိုယ်စားပြုသည်။

အချုပ်ဆိုရလျှင် ဒရုန်းများအသုံးပြု၍ ပေါ်ပေါက်လာသည့် အန္တရာယ်သည် မျက်မှောက်ခေတ်ပဋိပက္ခတွင် အထင်ကရဖြစ်လာပြီး အင်အားကြီး၊ငယ်မဟူ အသုံးပြုလာကြသည်။ ကုန်ကျစရိတ်သက်သာပြီး တွက်ခြေကိုက်သော ထိုနည်းလမ်းသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ ဘက်စုံတိုးတက်လာခဲ့သည်။ အဓိကအားဖြင့် ဒရုန်းများရာနှင့်ချီ၍ တစ်အုပ်တစ်မစုဖွဲ့တိုက်ခိုက်မှုကို တန်ပြန်ရေးသည် ခက်ခဲလာသည်။ ၎င်းအခြေအနေကို တုံ့ပြန်ကျော်လွှားရန်အတွက် အိန္ဒိယက Bhargavastra စနစ်ကို အောင်မြင်စွာစမ်းသပ်လာခဲ့ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ၎င်းစနစ်၏ ထိရောက်မှုများကို အကြိမ်ကြိမ်သက်သေပြပြီး အများအပြားထုတ်လုပ်မှုအဆင့်သို့ရောက်ရှိပါက ဈေးကွက်သို့ တွင်ကျယ်စွာ ရောက်ရှိလာနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- India's Indigenous 'Bhargavastra' Counter Swarm Drone System Test Fired Successfully: A Breakthrough In Indigenous Counter-Drone Technology, Indian Defence News, May 2025

**မောင်ဝေလွှမ်း(သုတေသီ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ညစောင့်

**မောင်သိန်းနိုင်(လက်ဖက်ရည်)**



(၁)

"ခင်မေ ငါ့ကိုဒီလကုန်ရင် စွပ်ကျယ်အင်္ကျီလေး တစ်ထည်ဝယ်ပေးစမ်းပါကွာ"

ဇနီးဖြစ်သူကို ဦးထွန်းကြိုင်အရဲစွန့်၍ ပြောလိုက်ခြင်းဖြစ်သည်။ သာမန်အခြေအနေဆိုရင်တော့ စွပ်ကျယ်တစ်ထည်ဝယ်ရန် အခက်ကြီးတော့မဟုတ်ပေ။ ယခုက မိသားစုအတွင်းရေးပြဿနာလေးတွေ ရှိနေတော့ အစစအရာရာ ငွေကိုတိုင်းထွာပြီး သုံးစွဲနေရသောကြောင့်ဖြစ်သည်။

"ကျွန်မလဲ စဉ်းစားထားတာပါ။ ဒီလတော့ ရှင်လိုအပ်တာလေးတွေဝယ်ပေးမလို့ပါ"

ဇနီးဖြစ်သူသည် ပြောပြောဆိုဆိုဖြင့် ဦးထွန်းကြိုင်ကို စကားဆို၍ မနက်ဖြန်အတွက်ရောင်းချရန် ကုန်စိမ်းစာရင်းများ တွက်ချက်နေတော့သည်။ ညနေ ၄ နာရီထိုးပြီဖြစ်သောကြောင့် ဦးထွန်းကြိုင် အလုပ်သွားရန်ပြင်ဆင်နေတော့သည်။ ညနေ ၆ နာရီ ဂျူတီအရောက်ဝင်ရမည်ဖြစ်သောကြောင့် ကားတိုးစီးရသောသူ့အတွက် အချိန်ကိုခပ်စောစောယူ၍ သွားရခြင်းဖြစ်သည်။

"ခင်မေ ငါသွားတော့မယ်ကွာ၊ မနက်ပြန်လာရင် ဘာဝယ်လာခဲ့ရမလဲ"

ဦးထွန်းကြိုင်သည် အလုပ်သွားမည့်အကြောင်း ဇနီးဖြစ်သူကို ပြောဆိုနေခြင်းဖြစ်သည်။

"ဘာမှဝယ်မလာနဲ့တော့ ကိုထွန်းကြိုင်ရေ၊ ရှင်သာ စောစောပြန်လာခဲ့နော်"

(၂)

မှတ်တိုင်ရောက်သည်နှင့် ဦးထွန်းကြိုင် ကားပေါ်မှ ဆင်းလိုက်သည်။ ကားမှတ်တိုင်နှင့် သူအလုပ်လုပ်သောနေရာမှာ အနည်းငယ်သာဝေးသောကြောင့် လမ်းလျှောက်၍လာလိုက်သည်။

"ဦးလေး စောလှချေလား"

ဆောက်လုပ်ရေး အဆောက်အအုံနားသို့ရောက်သည်နှင့် အလုပ်ထဲက လုပ်ဖော်ကိုင်ဖက် ကိုတိုးမောင်က မေးလိုက်သည်။

"ဒီနေ့ခပ်စောစောလေး ထွက်လာလို့ တိုးမောင်ရေ၊ ခဏနေ ဂျူတီချိန်းမယ်နော်။ အဝတ်ကလေး သွားလဲလိုက်အုံးမယ်ကွာ"

ဦးထွန်းကြိုင်သည် ကိုတိုးမောင်ကို နှုတ်ဆက်ပြီး အဝတ်လဲခန်းရှိရာသို့ လျှောက်သွားလိုက်သည်။ ယူနီဖောင်းအပြည့်အစုံဝတ်၍ ရုံးဌာနသို့ ဂျူတီချိန်းရန်ရောက်ရှိကြောင်း သွားရောက်၍ အကြောင်းကြားလိုက်သည်။ အလုပ်ချိန်စဆင်းရန်အတွက် လက်မှတ်ထိုးပြီး တံခါးပေါက်အဝသို့ ထွက်လာလိုက်တော့သည်။

"ဦးလေးထွန်းကြိုင်ရေ ဆက်ပြီးတာဝန်ယူလိုက်ပါအုံးနော်။ ဒီမှာအဝင်အထွက်စာရင်းတွေ ကျွန်တော်အကုန်မှတ်ထားတယ်။ မနက် ဂျာကြီးလာရင် ပြလိုက်အုံး"

ဆိုက်အတွင်းဝင်လာသမျှ ကားများနှင့် အလုပ်အတွက်လိုအပ်သော ကုန်ပစ္စည်းအရေအတွက်ကို မှတ်သားထားသော စာရင်းများဖြစ်သည်။ ပစ္စည်းအဝင်အထွက်များကို အတိအကျမှတ်သားထားပါမှ အပျောက်အရှနည်းမည်။ ဆိုက်အတွင်းရှိပစ္စည်းများ ပျောက်လျှင် အရောအစားရှိသောကြောင့် စာရင်းအတိအကျမှတ်သားမှသာလျှင် လုံခြုံရေးဝန်ထမ်းများအတွက် အဆင်ပြေမည်ဖြစ်သည်။

"ဘကြီး ဟင်းလေးဝယ်ချင်လို့ ခဏလောက်အပြင်ထွက်ခွင့်ပြုပါနော်"

အလုပ်ဆိုက်တွင် ညအိပ်နေသော နေလင်းအောင်က ဦးထွန်းကြိုင်ကိုခွင့်တောင်းလိုက်သည်။

"စောစောလေးတော့ပြန်လာခဲ့ငါ့တူရာ။ ဘကြီးက ည ၈ နာရီဆို တံခါးပိတ်မှာကွ"

"ဟုတ်ကဲ့ပါ။ လမ်းထိပ်က ထမင်းဆိုင်လေးတင်ပါ"

"အေးပါကွာ"

ဦးထွန်းကြိုင်သည် တံခါးကိုဖွင့်ပေးလိုက်သည်။ နေလင်းအောင် အပြင်ထွက်သွားသည်နှင့် အထွက်စာရင်းများကို စာရွက်ပေါ်တွင် ချရေးလိုက်သည်။

(၃)

လုံခြုံရေးအလုပ်ဆိုသည်မှာ လွယ်ကူသောအလုပ်တော့မဟုတ်ပေ။ ညစောင့်လုပ်ရသော ဦးထွန်းကြိုင်သည် အိပ်ရေးအပျက်ခံ၍ ခိုးဆိုးလုနှိုက်ဘေးကိုကာကွယ်ရန် အလွန်ပင်သတိထားရသည်။ လက်နှိပ်ဓာတ်မီးတစ်လက်၊ တုတ်တစ်ချောင်းနှင့် လွယ်အိတ်ထဲ၌ လောက်လေးခွတစ်လက်ထည့်ကာ နာရီဝက်တစ်ခါ ဆောက်လုပ်ရေးဆိုက်ဝင်းအတွင်းသို့ လှည့်လည်ကြည့်ရှုရသည်။

"ဦးလေးထွန်းကြိုင် ပတ်လှချေလားဗျာ။ ခဏဝင်ထိုင်ပါအုံး"

ဆောက်လုပ်ရေးဆိုက်ဝင်းတွင်အိပ်သော ဆိုက်တာဝန်ခံက ဦးထွန်းကြိုင်ကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ နယ်မှအလုပ်လာလုပ်သောသူဖြစ်သောကြောင့် ရန်ကုန်မြို့ပေါ်တွင် အိမ်ငှားမနေတော့ဘဲ စရိတ်လည်းသက်သာ၊ အလုပ်လည်းပြီးမြောက်သောသဘောမျိုးဖြင့် ဆိုက်အတွင်း၌သာ နေခြင်းပင်ဖြစ်သည်။ ဦးထွန်းကြိုင်ရုံးခန်းအတွင်းသို့ဝင်လိုက်သည်။

"ဘာများခိုင်းစရာ ရှိလို့လဲဆရာ"

"ဘာမှမရှိပါဘူး ဦးလေးရာ။ စာရင်းဇယားပြီးလို့ ပျင်းတာနဲ့စကားလေးပြောရအောင်ခေါ်လိုက်တာပါ"

ဆိုက်တာဝန်ခံသည် ပြောပြောဆိုဆိုနှင့်ပင် ထိုင်ခုံမှထ၍ ဦးထွန်းကြိုင်အတွက် ဘလက်ကော်ဖီတစ်ခွက် ဖျော်လိုက်သည်။

"ဦးလေးကော်ဖီသောက်အုံး။ ညစောင့်ရတာဆိုတော့ အိပ်မငိုက်အောင်လို့ပေါ့ဗျာ။ ဟဲ. . . ဟဲ. . ."

ဆိုက်တာဝန်ခံသည် ရယ်မောလျက်စကားဆိုလိုက်တော့သည်။ ဦးထွန်းကြိုင်လည်း ဆိုက်တာဝန်ခံပေးသောကော်ဖီကို တစ်ကျိုက်မော့၍သောက်ချလိုက်သည်။

"ဒါနဲ့ ဦးလေးမိသားစု စားဝတ်နေရေး အဆင်ပြေရဲ့လား"

"သိပ်အပြေကြီးတော့မဟုတ်ပါဘူး ဆရာရယ်"

"ဒါနဲ့ သားသမီးဘယ်နှယောက်ရှိလဲဗျ"

"သား နှစ်ယောက်၊ သမီး တစ်ယောက်၊ မြေး နှစ်ယောက်ရှိတယ်ဆရာ။ သားအကြီးဆုံးက ကလေးနှစ်ယောက် မွေးထားတယ်ဆရာ။ ဒီကောင်က နည်းနည်းဆိုးတော့ မိန်းမနဲ့လဲ ကွဲနေတယ်ဗျာ။ သူ့ကလေးနှစ်ယောက်ကတော့ ကျွန်တော်ပဲ ကျွေးမွေးထားရတာပေါ့ ဆရာရယ်။ သမီးလတ်ကတော့ အထည်ချုပ်ဆင်းတယ်။ သားအငယ်ကတော့ ကိုးတန်းတက်နေတယ်ဆရာ။ မြေးနှစ်ယောက်၊ ကျောင်းသား တစ်ယောက်ဆိုတော့ စားဝတ်နေရေး အခက်အခဲတော့ရှိတာပေါ့ ဆရာရယ်"

ဦးထွန်းကြိုင်သည် သူ့မိသားစုအကြောင်းကို ပြောပြ၍ လက်ကျန်ကော်ဖီခွက်ထဲက ကော်ဖီကို မော့သောက်ချလိုက်သည်။

(၄)

ထိုနေ့ညတွင် မိုးသည်းထန်စွာရွာသဖြင့် ဦးထွန်းကြိုင်ကိုယ်ထဲ အေးစိမ့်စိမ့်ဖြစ်လာသည်။ ပါလာသောအနွေးထည်ကိုဝတ်၍ ဆိုက်ဝင်းထဲသို့ ဓာတ်မီးထိုးကာ တစ်ပတ်ပတ်ပြီးကြည့်လိုက်သည်။ ခြေရာလက်ရာမပျက် အားလုံးအဆင်ပြေသောကြောင့် နားခိုရာအဆောင်သို့ခေတ္တခဏပြန်လာလိုက်သည်။ မိုးအေး၍လားမသိ ဒီညတော့မျက်လုံးများလေးပင့်နေသလိုခံစားနေရသည်။ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်နေရင်း ဦးထွန်းကြိုင် မှေးခနဲအိပ်ပျော်သွားတော့သည်။

"ဖျို့ ဦးလေး ဖျို့ဦးလေး"

ကိုတိုးမောင်က လက်ကိုကိုင်လှုပ်၍ နှိုးခါမှ ဦးထွန်းကြိုင်လန့်နိုးသွားသည်။

"ဦးလေး အိပ်လှချေလားဗျ။ ညက အတော်ပင်ပန်းသွားတယ်နဲ့တူတယ်။ ထထတော်ကြာ သူဌေးရောက်လာလို့ ဆူခံရအုံးမယ်"

ကိုတိုးမောင်သည် ကုလားထိုင်ပေါ်တွင်အိပ်ပျော်နေသော ဦးထွန်းကြိုင်ကိုနှိုး၍ အဝတ်လဲခန်းထဲသို့ ထွက်သွားလိုက်သည်။ ဦးထွန်းကြိုင်လည်း ပါလာသော လွယ်အိတ်ထဲသို့ လက်နှိပ်ဓာတ်မီးကိုထည့်ကာ အဝတ်အစားများလဲ၍ အိမ်ပြန်ရန်ပြင်ဆင်လိုက်တော့သည်။

"ဘကြီး ဆိုက်တာဝန်ခံက ရုံးခန်းထဲခဏလာပါအုံးလို့ ခေါ်ခိုင်းလိုက်လို့"

နေလင်းအောင်သည် ဆိုက်တာဝန်ခံခေါ်ခိုင်းလိုက်သောကြောင့် ဦးထွန်းကြိုင်ကို လာခေါ်ခြင်းဖြစ်သည်။ ရုံးခန်းထဲရောက်သည်နှင့် နေလင်းအောင်တို့ ညီအစ်ကိုသုံးယောက်ကို တွေ့လိုက်ရသည်။

"လာလာဦးလေး ညက ကျွန်တော်ရုံးခန်းထဲမှာ အိပ်နေရင်း ဖုန်းပျောက်သွားလို့ ဆိုက်မှာနေတာကလဲ ဒီကောင်ကလေးသုံးယောက်ရယ်၊ ဦးလေးနဲ့ ကျွန်တော်ရယ် ဒါပဲရှိတာ။ ဘယ်သူလို့တော့ ကျွန်တော်မပြောလိုပါဘူး။ ယူထားတယ်ဆိုရင်လဲ ပြန်ပေးဖို့တောင်းဆိုချင်တာပါ"

ဆိုက်တာဝန်ခံက သူ့ဖုန်းကိုယူထားလျှင် ပြန်ပေးရန်ပြောဆိုနေခြင်းဖြစ်သည်။ နေလင်းအောင်တို့ ညီအစ်ကိုသုံးယောက်နှင့် ဦးထွန်းကြိုင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဝန်ခံခိုင်းနေကြသည်။ အကြည့်ချင်းသာဆုံနေကြသည် ဘယ်သူမှဝန်မခံကြ။ အချိန်ကြာလာသဖြင့် ဆိုက်တာဝန်ခံက စကားဆိုလိုက်တော့သည်။

"ကဲ ဝန်မခံဘူးဆိုရင်တော့ လုပ်ထုံးလုပ်နည်းအတိုင်းလုပ်ရတော့မှာပဲဗျာ။ ဦးထွန်းကြိုင်က ညစောင့်ဆိုတော့ တာဝန်ပိုရှိတာပေါ့ဗျာ။ ဦးထွန်းကြိုင် ညကအိပ်ပျော်သွားတယ်နဲ့တူတယ်။ ကျွန်တော့်ဖုန်းကလဲ iPhone ဆိုတော့ဈေးတော့ နည်းနည်းမြောက်တယ်။ ကျွန်တော်လဲအပြည့်အဝကြီးမလိုချင်ပါဘူး။ နောက်နောင်တာဝန်မလစ်ဟင်းရအောင် ငွေ ငါးသိန်းတော့ပေးရမယ်ဗျာ"

ဦးထွန်းကြိုင်သည် မိမိတာဝန်လစ်ဟင်းသောကြောင့် ဖုန်းပျောက်သွားသဖြင့် ခေါင်းကိုသာ အသာညိတ်လိုက်တော့သည်။

(၅)

ဦးထွန်းကြိုင် ရုံးခန်းအတွင်းသို့ဝင်၍ ဆိုက်တာဝန်ခံကို ငွေ ငါးသိန်းပေးလိုက်သည်။

"ဒီမှာ ကျွန်တော့်အလုပ်ထွက်စာပါ ဆရာ"

"ဘယ်လိုဖြစ်တာလဲဦးလေးရယ်။ အလုပ်တောင်ထွက်တော့မှာလား။ အခက်အခဲတော်တော်ဖြစ်သွားလို့လားဗျာ"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော့်အိမ်က အသက်လဲကြီးလာတော့ အနားယူခိုင်းကြလို့ပါ"

ဦးထွန်းကြိုင်သည် ဆိုက်တာဝန်ခံအား ငွေကိုပေးအပ်ကာ ရုံခန်းထဲမှထွက်လာလိုက်တော့သည်။

"ဩော်...ဦးလေးရယ်စိတ်တောင်မကောင်းဘူးဗျာ"

ဆိုက်တာဝန်ခံသည် ရုံခန်းထဲမှထွက်သွားသော ဦးထွန်းကြိုင်ကိုကြည့်၍ လွှတ်ခနဲပြောဆိုလိုက်သည်။

(၆)

ယနေ့ လစာထုတ်သောကြောင့် မြို့ထဲက အပေါင်ဆိုင်တွင် အပေါင်ဆုံးအထည်ကလေးတစ်ခု ဝယ်ရန် အပေါင်ဆိုင်သို့ထွက်လာလိုက်သည်။

"ဟာ တာဝန်ခံကြီး မတွေ့တာကြာပြီနော်။ ဘာများအလိုရှိလို့လဲ"

"လကုန်ရင်အမေ့ကို နားကပ်ကလေးတစ်ရန် ဝယ်ပေးမယ်လို့ ပြောထားလို့ဗျာ။ အဲဒါ နားကပ်ကလေးများရှိရင်ပြပါအုံး"

➤ စာမျက်နှာ ၂၅ သို့

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၃၄၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၃၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါး စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၀၊ ကနီမြို့နယ်တွင် ၄၄၁၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၂၈၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၄၅၇၀၀ စုစုပေါင်း ဧက ၁၀၃၄၀၀ ဖြစ်ကြောင်း၊ အဆိုပါ စပါးစိုက်ပျိုးမှုကို ဇူလိုင်လ ပထမပတ်တွင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း စပါးဧက ၁၀၃၄၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ ဒါ့ပြင် တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ညှော့မထဆန်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ညှော့မထဆန်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ၂၄ ပြည်ဝင်ညှော့မထဆန်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ၂၄ ပြည်ဝင် ညှော့မထဆန် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ဓနုဖြူမြို့နယ်ကနေ ညှော့မထဆန် တင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း ကကော လတ်တလောအနေနဲ့ပါ ညှော့မထဆန် အမျိုးအစားက အရောင်းအဝယ် ဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ညှော့မထဆန် တစ်အိတ်လျှင် ငွေကျပ် ၈၂၅၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

"အတော်ပဲဆရာ။ တစ်ရန်တော့ရှိတယ်ဗျာ။ ဟိုတစ်ပတ်ကမှ အပေါင်ဆုံးသွားတာ။ ဒီမှာ သူ့ဘောက်ချာလေး"

အပေါင်ဆိုင်ပိုင်ရှင်က ဘောက်ချာကိုပြသဖြင့် ဆိုက်တာဝန်ခံ ယူကြည့်လိုက်သည်။

ဦးထွန်းကြိုင်ဟူသောအမည်ကိုတွေ့သဖြင့် ဆိုက်တာဝန်ခံစိတ်ထဲတွင် အပူလုံးကြီးဆို့သွားသည်။

"တာဝန်ခံကြီး ဘောက်ချာထဲကလူကို သိလို့လား။ မျက်နှာပျက်သွားသလိုပဲ။

"နာမည်တော့ အတော်ရင်းနှီးတယ်ဗျာ။ လူတော့ဟုတ်ချင်မှ ဟုတ်မှာပါ"

ဆိုက်တာဝန်ခံသည် နာမည်တူတာဖြစ်မှာပါဟုဆိုကာ သူ့စိတ်ကိုသူ နှစ်သိမ့်လိုက်သည်။

"အဲဒီလူကြီးက သနားစရာပါဗျာ။ ဆိုက်တစ်ခုမှာညစောင့်လုပ်ရင်း ဖုန်းပျောက်သွားလို့ သူ့ကိုလျော်ခိုင်းလိုက်တာ။ အဲဒါလျော်ပေးဖို့ ငွေလိုတာနဲ့ သူ့မိန်းမနားကပ်ကလေး လာပေါင်တာဗျာ။ သားသမီးတွေကလဲ မလိမ္မာတော့ မရွေးနိုင်ဘဲဆုံးသွားတာဗျာ"

"ဗျာ . . . ခင်ဗျားပြောနေတာတကယ်လားဗျာ"

"တကယ်ပေါ့ တာဝန်ခံကြီးရယ်။ ဘာလဲ တာဝန်ခံကြီးနဲ့ အဲဒီလူကြီး သိလို့လားဗျာ"

"သိတာမှသိပ်သိဗျာ။ သူ့ကို ဖုန်းပျောက်လို့လျော်ခိုင်းတာ ကျွန်တော်ဗျ။ ပျောက်သွားတာ ကျွန်တော့်ဖုန်း။ ဖုန်းထဲမှာ အလုပ်သုံးဆင်းကတ်တွေပါသွားလို့ အခိုးခံရတဲ့ဖုန်းကို ကျွန်တော်မကြာခဏဆက်ကြည့်တာ အစကတော့စက်ပိတ်ထားတယ်လို့ပဲပြောတယ်ဗျာ။ နောက်ရက်တွေဆက်တော့ ဖုန်းတစ်ကောဝင်ပြီး ဖုန်းကိုကိုင်လိုက်တယ်။ ကျွန်တော်စကားပြောကြည့်တော့ ဖုန်းကကျီးပင်စုရွာရောက်နေတယ်တဲ့။ ကျွန်တော့်ဆိုက်ထဲမှာ အလုပ်လုပ်တဲ့ကောင်ကလေးတွေက ကျီးပင်စုရွာကဆိုတော့ သူတို့ကိုမေးကြည့်လိုက်တာ ရွာပြန်သွားတဲ့ သူတို့ညီလေးခိုးသွားမှန်း သိလိုက်ရတာဗျာ။ ဦးထွန်းကြိုင်ကို လိုက်ရှာသေးတယ်။ ရှာလို့လဲမရ၊ စုံစမ်းလို့လဲ မရဖြစ်နေတာ။ အခုတော့ အတော်ပဲဗျာ။ သူ့လိပ်စာလေးပြောပါအုံး"

"ခက်ပြီ တာဝန်ခံကြီးရေ၊ အဲဒီလူကြီးက ပြောင်းသွားပြီဗျ။ ဘယ်ပြောင်းမယ်ဆိုတာ ကျွန်တော်လဲမမေးလိုက်မိဘူး။ ဆိုင်မှာ လူကျပ်နေလို့ဗျာ"

ဆိုက်တာဝန်ခံသည် စကားလမ်းဆုံးသွားပြီဖြစ်သောကြောင့် မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုမသိတော့ချေ။

"ဒီလိုလုပ်ဗျာ။ သူအပေါင်ဆုံးသွားတဲ့ နားကပ်ကလေး ကျွန်တော်ဝယ်မယ်ဗျာ။ သူနဲ့ကျွန်တော်ကံမကုန်လို့ပြန်ဆုံရင် သူ့ကိုပြန်ပေးဖို့ သိမ်းထားလိုက်မယ်ဗျာ။ ကျွန်တော်သူ့ကိုလဲ ခြေသလုံးဖက်ပြီး တောင်းပန်လိုက်မယ်ဗျာ။ အဲဒီနားကပ်ကလေးသာပေးဗျာ"

နားကပ်ကလေးကို ပိုက်ဆံအိတ်ထဲထည့်၍ လွန်ခဲ့သောလပိုင်းက ဖြစ်ပျက်ခဲ့သော ဦးထွန်းကြိုင်၏ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်ရင်း ဦးထွန်းကြိုင်နှင့် ပြန်လည်ဆုံတွေ့ရပါစေဟုသာ အကြိမ်ကြိမ်ဆုတောင်းနေမိတော့သည်။

## စိမ်းရောင်လွှမ်းဖို့ ကြိုးပမ်းစို့

\- ချိန်ခါမှန် ရာသီမျှ
ဝန်းကျင်လှ စိမ်းမြကြည်၊
မြင်ကွင်းစုံ ပသာဒ
ချမ်းမြဝေစည်၊
ကြောင်းဇာစ်မြစ် တောကိုမှီ
ဥတုညီ ပန်းသင့်၊
ကောက်ပဲလျှံ သီးနှံဖြိုးလို့
ကောင်းကျိုးတွေဆင့်။

\- တောဥယျာဉ် စိမ်းရောင်လွှမ်းမှ
ဝန်းကျင်လန်း ဥတုညီ၊
ကမ္ဘာမြေ ပူနွေးမှုတွက်
အန်တုနိုင်မည်၊
သဘာဝဘေး အလီလီ
ရန်မသီ ဝေးစေရေး၊
ဇလမှန် ဂေဟာသင့်အောင်
နှိုင်းချင့်မြော်တွေး။

\- ကမ္ဘာမြေ ပူနွေးမှု
အကြောင်းပြု ဖောက်ပြန်လာ၊
အယ်နီညို ဖြစ်စဉ်များ
ဆိုးရွားလေစွာ၊
သဘာဝဘေး စိန်ခေါ်ရာ
ရင်ဆိုင်ကာ ကြုံဆုံရ၊
တောဥယျာဉ် စိမ်းဖြာလွှမ်းမှ
ချမ်းမြမည်ပ။

\- ကြီးထွားမြန် သစ်ပင်စိုက်ကြ
အရိပ်လည်းရ စိမ်းမြဝေ၊
သစ်တစ်ပင် ကောင်းလေတော့
ငှက်တစ်သောင်း နားနိုင်ပေ၊
သဘာဝဘေးလည်း ကာကွယ်စေ
ဆိုးကျိုးအခြေ ချေဖျက်ရင်း၊
စိန်ခေါ်လာ ဖောက်ပြန်မှုများတွက်
ကုစားဖြေရှင်း။

\- တောတောင်ဝန်းကျင် စိမ်းလန်းရေး
မှန်းမျှော်တွေး အလေးထားစေ၊
တစ်နိုင်တစ်ပိုင် တစ်အုပ်တစ်မ
ဖြည့်ကြမှလေ၊
ကြီးမြန်တင့် သစ်ပင်တွေ
ဝေဝေဆာ လွှမ်းနိုင်ဖို့၊
အမျိုးသားရေး အသွင်
နှိုးကြားမနေး အသိယှဉ်လို့
ပြည်တစ်ခွင် စိုပြည်လန်းအောင်
ကြိုးပမ်းကြစို့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# သီးနှံ့ဖျက်ပိုးအဖြစ်မှသီးနှံ့အထွက်တိုးစေဖို့ ရွှေခရုသဘာဝရွက်ဖျန်းမြေဩဇာ ပြုလုပ်ကြပါစို့

သီးနှံပင်များ၏ အထွက်နှုန်းတိုးတက်ဖွံ့ဖြိုးစေရန်အတွက် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ ထည့်သွင်းသုံးစွဲရန် လိုအပ်သည်။ ဓာတ်မြေဩဇာများနှင့် ပြုပြင်ပြောင်းလဲထားသော ဓာတုပိုးသတ်ဆေးများကို စနစ်တကျမသုံးစွဲပါက သဘာဝပတ်ဝန်းကျင်နှင့်သုံးစွဲသူများအပေါ် ဆိုးရွားစွာထိခိုက်စေသည်။ သဘာဝမြေဩဇာများသည် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်စေပြီး မြေဆီလွှာအာဟာရဓာတ်ကြွယ်ဝမှုကိုလည်း အထောက်အကူဖြစ်စေသည်။

သုတေသနတွေ့ရှိချက်အချို့ကို ဖော်ပြရလျှင် ရွှေခရုသဘာဝရွက်ဖျန်းမြေဩဇာရည်သည် သခွားသီး၏ ကြီးထွားမှုနှင့် အထွက်နှုန်း၊ စပါးသီးနှံ၏ ပင်ပွားအရေအတွက်၊ အနံ့အရှည်၊ အောင်စေ့အရေအတွက်နှင့် အစေ့အလေးချိန်တို့ကို တိုးတက်ကောင်းမွန်စေသည်။ ရွှေခရုသဘာဝရွက်ဖျန်းမြေဩဇာရည်သည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် မြေဩဇာဖြစ်သည်။ ရွှေခရုမြေဩဇာသည် မြေချဉ်ငန်ဓာတ်မြင့်မားနေသောမြေများကို ပြုပြင်ခြင်း၊ မြေဆီလွှာပျက်စီးမှုကို ကာကွယ်ပေးခြင်း၊ မြေဆီအာဟာရဓာတ်များ ကြွယ်ဝစေသည့်အပြင် မြေဆီလွှာအတွင်းရှိ အင်ဇိုင်းများ၏လုပ်ဆောင်မှုကို အားပေးသည်။

သုတေသနရလဒ်များအရ သဘာဝမြေဩဇာအသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝသက်ရှိပမာဏ များပြားလာသည့်အပြင် သီးနှံပင်ကြီးထွားမှုကို တိုးတက်လာစေသည်။ ထို့ကြောင့် သဘာဝမြေဩဇာအသုံးပြုမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေဆီလွှာသိပ္ပံသုတေသနဌာနစုမှ ရွှေခရုကို အသုံးပြု၍ လွယ်ကူရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာသော ရွက်ဖျန်းမြေဩဇာရည်ပြုလုပ်နည်းကို ဖော်ထုတ်ခဲ့သည်။

**ရွှေခရုသဘာဝရွက်ဖျန်းမြေဩဇာရည်ပြုလုပ်နည်း**

ရွှေခရုသဘာဝ ရွက်ဖျန်းအားဆေးရည် ၂၀ လီတာရရှိအောင် ပြုလုပ်ရာတွင် ထည့်သွင်းရမည့်ပစ္စည်းနှင့် ထည့်သွင်းရမည့်ပမာဏမှာ-

(က) ရွှေခရု ၁၅ ပိဿာ၊
(ခ) ဖွဲနု သုံးပိဿာ၊
(ဂ) နို့ချဉ် ၁ ဒသမ ၅ လီတာ၊
(ဃ) သကာရည် ငါးလီတာ၊
(င) ထန်းဦးရည် ငါးလီတာနှင့်
(စ) ရေ ၂၀ လီတာတို့ဖြစ်ပါသည်။

- လတ်ဆတ်သောရွှေခရုကို ရေဆေးပြီး ကြိတ်ခြေပါ။ ကြိတ်ခြေပြီးသား ရွှေခရု ၁၅ ပိဿာကို သန့်ရှင်းခြောက်သွေ့သော စဉ့်အိုး၊ ပုံးထဲသို့ထည့်ရမည်။
- ဖွဲနု၊ နို့ချဉ်၊ သကာရည်၊ ထန်းဦးရည်၊ ရေတို့ကို အထက်တွင် ဖော်ပြထားသည့် အချိုးအတိုင်းထည့်သည်။ ပါဝင်ပစ္စည်းတစ်ခုစီထည့်တိုင်း နှံ့စပ်အောင် မွှေပေးရပါမည်။
- ပါဝင်ပစ္စည်းအားလုံး ထည့်ပြီးပါက သမအောင် နှံ့နှံ့စပ်စပ်ထပ်မံမွှေပြီး စဉ့်အိုးကို လေလုံအောင် ပလတ်စတစ်အကြည်စဖြင့် ဖုံးအုပ်ပေးရပါမည်။
- ရွှေခရု သဘာဝရွက်ဖျန်းအားဆေးရည် ပြုလုပ်ရာတွင် အသုံးပြုထားသော စဉ့်အိုးကို နေရောင်ခြည်တိုက်ရိုက် မထိတွေ့စေဘဲ အေး၍ခြောက်သွေ့သောအရိပ်အောက်တွင် ထားရမည်။
- အချဉ်ဖောက်ခြင်းကို လျင်မြန်စေရန် နှစ်ရက်၊ သုံးရက်တစ်ကြိမ် သန့်ရှင်းသော သစ်သားတုတ်၊ ဝါးတုတ်ဖြင့် မွှေပေးရမည်။ မွှေပြီးပါက လေလုံအောင်ပြန်ပိတ်ပေးရမည်။
- နှစ်ပတ်အကြာစစ်ဆေးရာတွင် အနံ့မပြင်းသေးဘဲအရည်များ ကြည်လင်နေသေးပါက အချဉ်ဖောက်ခြင်းကို တစ်ပတ် သို့မဟုတ် နှစ်ပတ် ဆက်လက်ထားပေးရမည်။
- ပြုလုပ်ပြီး တစ်လမှနှစ်လအကြာတွင် ဝါညိုရောင်အဆင်းရှိပါက ပိတ်စဖြင့်စစ်၍ စတင်အသုံးပြုနိုင်သည်။ အပုပ်နံ့ရပါက လုပ်ဆောင်မှုမအောင်မြင်ပါ။ အသစ်ထပ်မံလုပ်ဆောင်ရပါမည်။


ရေဆေးပြီးခရုများ


ခရုများ၏ အခွံနှင့် အသားခွာခြင်း


ခရုခွံ


ခရုအသား



အခြောက်ခံအမှုန့်ကြိတ်ထားသော နမူနာများ


Digestion ပြုလုပ်ပြီး ဓာတ်ခွဲရန် ပြင်ဆင်ခြင်း

**အသုံးပြုပုံ**

သီးနှံမျိုးစုံအတွက် အပင်ကြီးထွားမှုကောင်းမွန်စေရန် ရေတစ်လီတာတွင် ခရုသဘာဝမြေဩဇာရည် ၁၀၀ စီစီနှုန်းကို အပင်ကြီးထွားမှုအဆင့်အလိုက် ဖျန်းပေးရမည်။

**ပါဝင်သော အာဟာရဓာတ်များ**

ရွှေခရုသဘာဝရွက်ဖျန်း မြေဩဇာရည်တွင် နိုက်ထရိုဂျင် ၁ ဒသမ ၆၈ ရာခိုင်နှုန်း၊ ဖော့စဖရတ်သုည ဒသမ ၀၂ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁ ဒသမ ၆၆ ရာခိုင်နှုန်း ပါဝင်သည်ကို ဓာတ်ခွဲစမ်းသပ်တွေ့ရှိရသည်။

**အကျိုးကျေးဇူးများ**

- ရွှေခရုသည် သီးနှံပင်များအတွက် ဖျက်ပိုးဖြစ်ပြီး ဖျက်ပိုးမှအပင်အတွက် အကျိုးပြုသော မြေဩဇာရည်ပြုလုပ်သုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချပေးပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အားပေးရာရောက်သည့်အပြင် စားသုံးသူများအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရမှုကို ဖြစ်ပေါ်စေသည်။
- ရွှေခရုသဘာဝရွက်ဖျန်းမြေဩဇာရည်ကို အသုံးပြုခြင်းသည် အပင်များအတွက် မရှိမဖြစ်လိုအပ်သော အဓိကအာဟာရဓာတ်များဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်နှင့် အခြားအာဟာရဓာတ်များ ပါဝင်သောကြောင့် အပင်ကြီးထွားဖွံ့ဖြိုးမှုကို အားပေးပါသည်။
- ရွှေခရုများသည် မိုးရာသီကာလအတွင်း စိုက်ခင်းများအနီးတဝိုက်တွင် အလွယ်တကူတွေ့ရှိရလေ့ရှိသဖြင့် လွယ်ကူစွာ မြေဩဇာရည်ပြုလုပ်နိုင်သောကြောင့် ကုန်ကျစရိတ်သက်သာပြီး ဓာတ်မြေဩဇာဝယ်ယူစရိတ်လျှော့နည်းစေကာ တစ်ဖက်တစ်လမ်းမှ ရွှေခရုဖျက်ပိုး ကောင်ရေကျရောက်မှုကို လျှော့ကျစေသည်။
- ရွှေခရုသဘာဝ ရွက်ဖျန်းမြေဩဇာရည်သည် အထူးတလည်ပြုလုပ်ထားသော ပစ္စည်းမလိုဘဲ မိမိတို့အိမ်ရှိ ပလတ်စတစ်ပုံး၊ စဉ့်အိုးများဖြင့် အလွယ်တကူပြုလုပ်နိုင်သောကြောင့် လုပ်ကွက်ငယ်တောင်သူများနှင့် ဥယျာဉ်ခြံစိုက်ပျိုးသူများ လွယ်ကူစွာ ပြုလုပ်သုံးစွဲနိုင်သည်။

**ဒေါက်တာနီနီတင့်(စိုက်သု)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မေလအတွင်း ရေဘဝဲပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ရေဘဝဲပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဧပြီလအတွင်းက ရေဘဝဲပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရေဘဝဲပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်ကိုတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကတင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ရေဘဝဲပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှု၊ အရွယ်အစားနဲ့အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလည်း ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ရေဘဝဲတွေကို ဒေသတွင်းဈေးကွက်အပြင် အခြားဒေသဈေးကွက်တွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ် တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၃၃၀၀၀ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများ အရောင်းအဝယ်ကောင်း၊ တင်ပို့အား ကောင်းလာသည့်အတွက် သူများ၊ ကုန်တင်ကုန်ချလုပ်သားများ ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက် အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်ကစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာစတဲ့သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် နည်းပညာပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၁၅ ဧက၊ ဆွမ္မရာမြို့တွင် ၁၇ ဧက၊ လဟယ်မြို့နယ်တွင် ၅၀၃ ဧက၊ ထန်ပါခွေမြို့တွင် ၁၂၆ ဧက၊ နန်းယွန်းမြို့နယ်တွင် ၄၈၉ ဧက၊ ဒုံဟီးမြို့တွင် ၃၃၈ ဧကနှင့် ပန်ဆောင်မြို့တွင် ၂၉၈ ဧက စုစုပေါင်း ၁၉၈၆ ဧက ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြင့်သာယာကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၆သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၆ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၅ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ၂၀၂၅ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ လေဆင်နှာမောင်း အကြိမ် ၈၀ ထက်မနည်း ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေ



**ကင်ဘာရာ ဇွန် ၈**

ဩစတြေးလျနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း လေဆင်နှာမောင်း အကြိမ်ရေ ၈၀ ထက်မနည်း ဖြစ်ပေါ်လာနိုင်ကြောင်း Bureau of Meteorology (BOM) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖြစ်ပေါ်လာနိုင်သည့် လေဆင်နှာမောင်းသည် ပြင်းအားအမြင့်ဆုံးအနေဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ထိ မြင့်တက်နိုင်ကြောင်း၊ လေဆင်နှာမောင်းမှ မိုးသက်လေပြင်းအသွင်သို့ ကူးပြောင်းနိုင်ကြောင်း၊ Bureau of Meteorology (BOM) က ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်း လေဆင်နှာမောင်းအကြိမ်ရေ ၈၀ ထက်မနည်းဖြစ်ပေါ်လာနိုင်တယ်။ စံချိန်တင်ပမာဏတစ်ရပ်လဲဖြစ်ပါတယ်။ လေဆင်နှာမောင်းဟာ မတူညီတဲ့ ဧရိယာတွေကို မတူညီတဲ့ပြင်းအားပမာဏနဲ့ တိုက်ခတ်သွားနိုင်တယ်။ အမြင့်ဆုံးပြင်းအားဟာ တစ်နာရီကို ကီလိုမီတာ ၁၂၀ ထိရောက်ရှိနိုင်တယ်။ တချို့ဒေသတွေမှာ လေဆင်နှာမောင်း အသွင်ကနေ မိုးသက်လေပြင်းအသွင်ကို ကူးပြောင်းသွားနိုင်တယ်။ လေဆင်နှာမောင်းတိုက်ခတ်မှုနဲ့အတူ လေပြင်းလဲ တိုက်ခတ်နိုင်တဲ့အတွက် အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်"ဟု Bureau of Meteorology (BOM)မှ ပြောရေးဆိုခွင့်ရှိသူ လင်ဂတ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကမ္ဘာတစ်ဝန်းမြစ်ရေညစ်ညမ်းမှုများထဲတွင် ဘရာဇီးမြစ်ရေညစ်ညမ်းမှုသည် အဆိုးဆုံးဖြစ်လာ

**ဘရာဇီးလီးယား ဇွန် ၈**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်ရှိ ဘရာဇီးမြစ်ရေညစ်ညမ်းမှု ကမ္ဘာတစ်ဝန်း မြစ်ရေညစ်ညမ်းမှုများထဲတွင် အဆိုးဆုံးဖြစ်လာကြောင်း ဘရာဇီးနိုင်ငံ၏ ချူကလီးယားနှင့် စွမ်းအင်သုတေသနဌာနနှင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ ဇွန် ၇ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ သိရသည်။



ဆော်ပိုလိုပြည်နယ်ရှိ ရီယိုဒွိုစ်ဘာဂါမြစ်အတွင်းတွင် မိုက်ခရိုပလတ်စတစ်ပါဝင်မှုသည် ကမ္ဘာ့တစ်ဝန်းတွင် အမြင့်ဆုံးဖြစ်ကြောင်း၊ မြစ်အတွင်း အနည် တစ်ကီလိုဂရမ်လျှင် မိုက်ခရိုပလတ်စတစ်အမှုန် ၉၃၀၀၀ ကျော်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုတွေ့ရှိချက်သည် ဒေသခံ ရေလုပ်သားများကြားတွင် စိုးရိမ်ပူပန်မှုတိုးစေကြောင်း၊ ထိုသို့မြစ်၏ ရေထုညစ်ညမ်းရခြင်းမှာ မြစ်ကမ်းတစ်လျှောက်ရှိ ရေနံဓာတုစက်ရုံများမှ စွန့်ပစ်ပစ္စည်းများနှင့် လူနေအိမ်များမှ စည်းကမ်းမဲ့ ပလတ်စတစ်ပစ္စည်းများကြောင့် ဖြစ်ကြောင်း သိရသည်။

"မြစ်ရဲ့ ရေထုညစ်ညမ်းပြီး မိုက်ခရိုပလတ်စတစ်ပါဝင်မှု မြင့်တက်လာတာက လူသားတွေရဲ့ ကျန်းမာရေးအတွက်ကော အဏ္ဏဝါဂေဟာစနစ်အတွက်ပါ စိုးရိမ်ဖွယ်ရာပါ။ ဒ့ါပြင် ရေလုပ်သားတွေရဲ့ ဝမ်းစာရှာဖွေရေးအတွက်လဲ အခက်အခဲတွေဖြစ်လာတာကို တွေ့ရပါတယ်"ဟု အဏ္ဏဝါဇီဝဗေဒပညာရှင် ဝီလီယံက ပြောကြားခဲ့သည်။

လက်ရှိတွက် အဆိုပါမြစ်၏ ရေအတွင်း ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရန်အတွက် ဒီရေတောများကို စီမံကိန်းနှင့် စိုက်ပျိုးနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဂရိတောမီးအန္တရာယ်အတွက် ဥရောပနိုင်ငံ ခြောက်နိုင်ငံက မီးသတ်တပ်ဖွဲ့ဝင် ၃၂၃ ဦး စေလွှတ်ပေးသွားမည်

**အေသင် ဇွန် ၈**

ဂရိနိုင်ငံတွင် ဇူလိုင် ၁ ရက်မှ စတင်၍ တောမီးရာသီရောက်ရှိတော့မည်ဖြစ်ပြီး ဂရိတောမီးရာသီသည် အန္တရာယ်ရှိသည့်အတွက် ဘူလ်ဂေးရီးယားနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ချက်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ မော်ဒိုဗာနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၃၂၃ ဦး စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ဂရိ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၇ ရက် သတင်းများတွင်ဖော်ပြထားသည်။

အဆိုပါ ခြောက်နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၂၃ ဦးထိ စေလွှတ်သွားမည်ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက တောမီးကို အချိန်မီထိန်းချုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂရိအာဏာပိုင်အဖွဲ့အစည်းနှင့် အကူအညီပေးရေးအတွက် ကမ်းလှမ်းလာသည့် ဥရောပနိုင်ငံ ခြောက်နိုင်ငံတို့ကြား ကြိုတင်ပြင်ဆင်လာခြင်းဖြစ်ကြောင်း၊ အဆိုပါမီးသတ်တပ်ဖွဲ့ဝင်များကို အေသင်မြို့၊ သီဆာလိုနီကီမြို့နှင့် ပါထရက်စ်မြို့တို့တွင် နေရာချပေးမည်ဖြစ်ပြီး ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ သတ်မှတ်ပေးထားသော နေရာများတွင် နေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"တောမီးရာသီစတင်တော့မှာဖြစ်တဲ့အတွက်ကြောင့် ဂရိတောမီးနဲ့ပတ်သက်ပြီး ကူညီပေးရေးအတွက် နိုင်ငံခြောက်နိုင်ငံက မီးသတ်တပ်ဖွဲ့ဝင်တွေ စေလွှတ်ပေးဖို့အတွက် ကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လဲ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး နိုင်ငံပေါင်း ခြောက်နိုင်ငံက မီးသတ်တပ်ဖွဲ့ဝင် ၃၂၃ ယောက်ရောက်ရှိလာမှာဖြစ်ပါတယ်။ အုပ်စုလိုက်ခွဲပြီးတော့ အေသင်မြို့၊ သီဆာလိုနီကီမြို့နဲ့ ပါထရက်စ်မြို့တွေမှာ နေရာချပေးသွားမှာ ဖြစ်ပါတယ်။ ဒီမီးသတ်တပ်ဖွဲ့ဝင်တွေဟာ ဇူလိုင် ၁ ရက်ကနေ စက်တင်ဘာ ၁၅ ရက်အတွင်း ဂရိနိုင်ငံမှာပဲ တောမီးအတွက် အသင့်စောင့်ဆိုင်းသွားမှာဖြစ်ပါတယ်"ဟု ဂရိမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီး လောင်ကျွမ်းမှု မဖြစ်ပွားမီကာလအတွင်း နေရာချပေးထားသော သက်ဆိုင်ရာမြို့အလိုက်တွင် နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းကာ တောမီး ငြိမ်းသတ်ရေးဆိုင်ရာ လေ့ကျင့်ခန်း အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဥရောပနိုင်ငံများဖြစ်သော မော်လတာနှင့် ရိုမေးနီးယားနိုင်ငံရှိ မြို့ကြီးများနှင့် ဒေသများတွင် ရေအကျပ်အတည်းများနှင့် ရင်ဆိုင်နေရ

**လန်ဒန် ဇွန် ၈**

ဥရောပနိုင်ငံများဖြစ်သော မော်လတာနှင့် ရိုမေးနီးယားနိုင်ငံရှိ မြို့ကြီးများနှင့် ဒေသများတွင် ရေအကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် ဥရောပသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (EEA)က ဇွန် ၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ဥရောပတိုက်၏ ငါးပုံတစ်ပုံခန့်သည် နှစ်စဉ်ရေအကျပ်အတည်းနှင့် ရင်ဆိုင်နေရကာ ၂၀၅၀ ပြည့်နှစ်တွင် ဥရောပတိုက်၏ ရေအသုံးပြုမှုနှုန်းသည် ယခုကာလကထက် နှစ်ဆတိုးလာမည်ဟု မျှော်မှန်းထားသဖြင့် အနာဂတ်တွင် ရေရှားပါးပြတ်လပ်မှုသည် ပိုမိုဆိုးရွားလာနိုင်ကြောင်း ဥရောပပတ်ဝန်းကျင်အေဂျင်စီ(EEA)၏ ခန့်မှန်းချက်အရ သိရသည်။

"ဥရောပရဲ့ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် တောရိုင်းတိရစ္ဆာန်တွေရဲ့ ဂေဟာစနစ်နဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ရေအကျပ်အတည်းက တစ်နေ့တခြားကြီးထွားလာတဲ့ ခြိမ်းခြောက်မှုကြီးတစ်ရပ် ဖြစ်နေပါတယ်။ အမြန်ဆုံးအဖြေရှာရမဲ့ အခြေအနေပါ"ဟု ဥရောပအခြေစိုက် ရေအရင်းအမြစ် နည်းပညာမြှင့်တင်ရေးအဖွဲ့ (Water Europe) မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် လူးဝစ်က ပြောကြားခဲ့သည်။

ပူပြင်းခြောက်သွေ့သော ရာသီဥတု၊ သောက်သုံးရေရှားပါးမှုများကြောင့် ဥရောပတိုက်ရှိ နိုင်ငံများတွင် နေထိုင်သူများအပါအဝင် လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများပါ ရေအကျပ်အတည်းကို ရင်ဆိုင်နေရကြောင်း၊ ယခုကဲ့သို့ ရေအကျပ်အတည်းများ ဆက်လက်ဖြစ်ပေါ်နေပါက ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် လက်ရှိကာလထက် ကျဆင်းသွားနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ဥရောပတိုက်နေသူများအသုံးပြုနေသော သောက်သုံးရေ၏ သုံးပုံနှစ်ပုံခန့်ကို မြေအောက်ရေမှထုတ်ယူသုံးစွဲနေရပြီး မြေအောက် ရေတူးဖော်ရရှိမှုသည်လည်း တဖြည်းဖြည်းကျဆင်းလာကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည်လည်း စိုက်ပျိုးရေပြတ်လပ်မှုများနှင့် မွေးမြူရေးတိရစ္ဆာန်များအတွက် လိုအပ်သောရေရှားပါးမှုများကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ကာ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ် တိုရွန်တိုမြို့တွင် တောမီးလောင်ကျွမ်းပြီး မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**အော့တဝါ ဇွန် ၈**

ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ် တိုရွန်တိုမြို့တွင် မေလမှ စတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသောမီးခိုးငွေ့များကြောင့် တိုရွန်တိုမြို့တွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသည့်ဧရိယာများမှာ တိုရွန်တိုမြို့အပါအဝင် တိုရွန်တိုမြို့အနီးပတ်ဝန်းကျင်မှ ဒေသများဖြစ်ကြောင်း၊ ကနေဒါတောင်ဘက်ပိုင်းရှိပြည်နယ် ငါးခုတွင်လည်း မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး လက်ရှိတွင်လည်း ထိန်းချုပ်ရခက်သည့်အဆင့်ဖြင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာ ၁၅ နေရာရှိနေကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ကနေဒါနိုင်ငံ တောင်ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့တွေ နေရာအနှံ့ပျံ့နှံ့ရောက်ရှိနေပါတယ်။ အွန်တေးရီးယား ပြည်နယ်မှာတော့ အဆိုးရွားဆုံးဖြစ်ပါတယ်။ တိုရွန်တိုမြို့မှာတော့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုဟာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အဆင့်ဖြစ်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီး ဒေးဗစ်ဖိလစ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

**ပေါက်ပေါက်**

မိုးရာသီကာလသစ်တောများနှင့် သစ်ပင်များ ပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှို အမျိုးမျိုးကြီးထွားပေါက်ပွားလေ့ရှိသည်။ အဆိုပါ မှိုများထဲတွင် အန္တရာယ်ကင်းစွာ စားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများ စွာရှိသည်။ အဆိပ်ရှိမှိုများအနက် အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေ သည်ထိဖြစ်နိုင်သည်။ သို့ပါ၍ မှိုအဆိပ်သင့်အန္တရာယ် သတိပြုကာကွယ်နိုင်ကြပါစေကြောင်း အောက်ပါ အတိုင်း အကြံပြုရေးသားလိုက်ရသည်။

**မှိုအကြောင်းသိကောင်းစရာ**

ကမ္ဘာပေါ်တွင် မှိုအမျိုးအစားပေါင်း ၁၄၀၀၀ ကျော် ရှိရာ၄င်းတို့အနက်မျိုးစိတ် ၃၀၀၀ ခန့်သာစားလို့ ရပြီး ၄င်းတို့အနက် ၇၀၀ ခန့်မှာ ဆေးဖက်ဝင်သည်။ အစက်အပြောက်ရှိသော မှိုနှင့်ခြေချင်းဝတ်ပါသော မှိုတို့သည် အဆိပ်အတောက်ဖြစ်စေတတ်သဖြင့် လုံးဝမစားအပ်ပေ။ မှိုသည် ပူနွေးသောရာသီဥတုမှ စိုစွတ်ထိုင်းမှိုင်းသော မိုးဥတုသို့အကူးတွင် သစ်ပင်၊ ဝါးပင်၊ တောင်ပို့နှင့်အခြားမြေအချို့တွင် သဘာဝ အလျောက်ပေါက်ရောက်တတ်သည်။ မှိုအားလုံး နီးပါးသည် အဖြူရောင်ဖြစ်ပြီး လှုပုကလေးက ထီးဖြူဆောင်းထားသော ပုံသဏ္ဍာန်ရှိသည်။ မှိုအမျိုးအစားပေါ် လိုက်၍အရောင်၊ ပုံသဏ္ဍာန်၊ အရသာနှင့် အရွယ်အစားကွာခြားမှု အနည်းငယ်စီ ရှိကြသည်။ ကမ္ဘာပေါ်တွင် မှိုဖြူ (White Mushroom) နှင့် ရှီတာကီမှို (Shiitake Mushroom) အနက်ရောင်မှိုတို့သည် အရသာအကောင်းဆုံး ဖြစ်သည်။ ဂရိရာဇဝင်များတွင် "မှိုသည် စစ်သည် တော်များကို တိုက်ပွဲတွင်ခွန်အားပေးနိုင်သည်"ဟု လည်းကောင်း၊ ရောမတို့က "မှိုသည် ဘုရားသခင် ကပေးသော လက်ဆောင်"ဟု လည်းကောင်း ယုံကြည်ကြသည်။

**မှိုစားဖွယ်စုံ**

အထူးသဖြင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားတိုင်း ရင်းဆေးဝါးများတွင် မှိုကို သက်စောင့်ဆေးအဖြစ် နှစ်ပြိုက်စွာစားသုံးကြသည်။ ဟင်းသီးဟင်းရွက် နွယ်ဝင်မှို(အစိုနဲ)ကို သူ့ချည်းသက်သက်အလွတ်ကြော် စားနိုင်သလို၊ မှိုတောက်ခြင်း အဆိပ်သင့်ခြင်းမှ ကင်းဝေးစေရန်နှင့် အရသာပိုမိုပေါ်လွင်စေရန် ဇရုတ်သီးစိမ်းနှင့် ကန်စွန်းရွက်ရော၍ ချက်ပြုတ် စားသောက်သင့်သည်။ မှိုကို အချဉ်တည်၍လည်း ကောင်း၊ ဟင်းချို၊ အသုပ်၊ မှိုကင်၊ တို့ဟူးနှပ် စသည့် ဟင်းလျာများတွင်လည်းကောင်း၊ ပီဇာ၊ Pasta (ပါစတာခေါက်ဆွဲ)၊ ချိစ်ဘာဂါ၊ အသားညှပ် ပေါင်မုန့် တို့တွင်လည်းကောင်း ထည့်သွင်းကာ အရသာရှိရှိ စားသုံးနိုင်သည်။ ကြာဇံချက်၊ ဝက်စတူးနှင့် တရုတ်ဟင်းလျာ ပင်လယ်စာအမျိုးမျိုးတို့တွင်လည်း မှိုခြောက်ပါမှ အရသာပြီးပြည့်စုံမည်ဖြစ်သည်။

**စားသုံးနိုင်သောမှိုများ**

မြန်မာပြည်တွင် ၎က်စို့မှို၊ မှိုဖြူလေး (ခေါ်) ခြတံရှည်မှို၊ ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ဖက်ဆွတ်မှို၊ ဝါးမှို၊ စိုက်ပျိုးရေးမှို၊ မှိုကြက်တောင်၊ ၎က်ပျောမှို၊ တောင်ပို့မှို၊ ကြက်တူရွေးမှို၊ မှိုသားပိုက်၊ မှိုဆန်ကွဲ၊ မှိုကျောက်ခဲ၊ မှိုနီ၊ မှိုပြင်းတွဲ၊ မှိုဖြူ၊ မှိုအုန်းနက် (မှို၏ထိပ်တွင် အနက်ကွက်ကလေးပါရှိ၏) စသည် တို့ကိုဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသုံးနိုင် သည်။ မြက်ကြားမှို၊ သပြေမှို၊ မြေပဲမှို၊ ဝါးမှို၊ ကိုင်းမှို၊ အင်မှို၊ ဆင်ခြေသည်းမှိုနှင့် သရက်မှိုတို့သည်လည်း စားကောင်းသည့်မှိုများဖြစ်ကြပြီး ၎င်းတို့ကို မှိုခြောက်ပြုလုပ်လေ့ရှိသည်။ ၎က်စို့မှိုသည် အရသာ အရှိဆုံးနှင့် ဈေးအကြီးဆုံးဖြစ်ပြီး ဖက်ဆွတ်မှိုသည် ဈေးအနိမ့်ဆုံးဖြစ်ကာ၊ မှိုဖြူ ခေါ် ခြေတံရှည်မှိုသည် အရသာအနူးညံ့ဆုံးဖြစ်သည်။ ဟင်းသီးဟင်းရွက် နွယ်ဝင်တစ်မျိုးဖြစ်သောမှိုသည် အေး၍စိုစွတ်ကာ၊ အလင်းရောင်နည်းသော အနေအထားတွင် ကောင်း စွာရှင်သန်နိုင်ပြီး၊ မိမိအိမ်တွင် အိတ် သို့မဟုတ် ဘူး သေတ္တာများဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သည်။ မှိုစိုက်ပျိုးပြီးနောက် ပျမ်းမျှအားဖြင့် ရက်သတ္တပတ် လေးပတ်မှ ခြောက်ပတ်အကြာတွင် ခူးဆွတ်စားသုံး နိုင်ပါသည်။

**မှိုနှင့်ကျန်းမာရေး**

မှိုသည် ဗီတာမင်ဘီ၊ ဗီတာမင်ဘီ-၆၊ ဗီတာမင်ဒီ၊ ကော့ပါး၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ကစီဓာတ်၊ ပရိုတင်း၊ သီအာမင်၊ ရီဗိုဖလာဗင်၊ နီအာစင်း၊ ဖောလိပ်၊ ပန်တိုသနစ်အက်ဆစ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ မီးစုန်း၊ ဇင့်၊ ကော့ပါး၊ မဂ္ဂနီးစ်၊ စီလီယမ်စသည့် ဗီတာမင်နှင့် သတ္တုဓာတ်တို့စုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ထို့ပြင် ကယ်လိုရီပါဝင်မှု နည်းပါးသဖြင့် လူသားတို့ကျန်းမာရေးကိုများစွာ အထောက်အကူဖြစ်စေသည်။

မှိုထဲတွင် ရေဓာတ်ပါဝင်မှု ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းနှင့် အမျှင်ဓာတ်ပါဝင်မှု ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိပါရှိသည်။ ထို့ပြင် အဆီနှင့်ကယ်လိုရီ ပါဝင်မှု အလွန်နည်းပါးကာ ကိုလက်စထရော



လောင်ကျွမ်းစေနိုင်သဖြင့် ခန္ဓာကိုယ်ကြွက်သားများ ကိုကျစ်လျစ်စေသည်။ ထို့ကြောင့် မှိုကခန္ဓာကိုယ် အလေးချိန်ပုံမှန်ထိန်းသိမ်းလိုသူများနှင့် သွေးတိုး ရောဂါသည်များအတွက် အထူးသင့်တော်သည်။

မှိုထဲတွင်ပါရှိသော ပိုတက်စီယမ် (Potassium) ဓာတ်သည် ၎က်ပျောသီးနှင့် လိမ္မော်သီးတို့တွင် ပါဝင်မှုထက် ပိုမိုများပြားသဖြင့် လေဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

Baltimore ဆေးသုတေသနအဖွဲ့မှတ်တမ်း များအရမှိုထဲတွင်ပါရှိသောSelenium ဓာတ်တစ်မျိုး သည် အမျိုးသားများ၏ ဆီးကျိတ်ကင်ဆာဖြစ် ပေါ်လာမှုကို ၆၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင် ကြောင်း အကြံပြုထားသည်။

အမေရိကန်နိုင်ငံ ဆေးသုတေသီများ၏ အထောက်အထားအရ "မှိုဖြူ (ခေါ်) White Mushroom" သည် အမျိုးသမီးများ၏ ရင်သားကင်ဆာ ဆဲလ်များတိုးပွားလာမှုနှင့် အဖုအကျိတ်တို့ကြီးထွား လာမှုကိုတားဆီးပေးနိုင်သဖြင့် မှန်မှန်စားသုံးသင့် ကြောင်း၊ သွေးဆုံးပြီးအမျိုးသမီးများအတွက်လည်း အထူးသင့်တော်ကြောင်း အကြံပြုထားသည်။

အနက်ရောင်ရှီတာကီမှို (Shiitake Mushroom) သည် တုပ်ကွေး၊ အဖျားရောဂါအမျိုးမျိုးနှင့်အအေး မိခြင်းတို့ကိုကာကွယ်ပေးပြီး ကိုယ်ခံစွမ်းအားကိုလည်း မြှင့်တင်ပေးသောကြောင့် ဆေးဖက်ဝင်မှိုအဖြစ် တရုတ် နှင့်ဂျပန်တို့တွင် အထူးရေပန်းစားလျက်ရှိသည်။

အသည်းနှင့် ပန်ကရိယ (ခေါ်) မုန့်ချိုအိတ်တို့ ကို ဘေးဥပဒ်မရှိစေဘဲ ကောင်းကျိုးပြုသည်။ မှိုထဲတွင် ကယ်လ်စီယမ် (Calcium) ဓာတ်ကြွယ်ဝစွာ ပါရှိသောကြောင့် အရိုးကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ဆီးချိုရောဂါဝေဒနာ သည်များအတွက် အထူးသင့်တော်သည်။ တိရိစ္ဆာန် ထွက် ပစ္စည်းများတွင်သာပါရှိပြီး ဟင်းသီးဟင်းရွက် များတွင်တွေ့ရခဲ့သော Selenium ဓာတ်သည် မှိုထဲ တွင် အလုံအလောက်ပါရှိသောကြောင့် သွား၊ ခြေသည်း၊ လက်သည်းနှင့် ဆံပင်များကို ကျန်းမာ သန်စွမ်းစေနိုင်သည်။ အရေပြား ကျန်းမာရေးကို လည်းကောင်းကျိုးပြုသည်။ စိတ်ဖိစီးမှုကိုပြေပျောက် စေပြီး မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက် ကောင်းမွန်စေသည်။ ကြံခတ်ဝါးရုံ၏ ပင်ခြေမှ ပေါက်သော ပန်းရင့်ရောင်မှိုများကို ဖွဲ့ယူပြီး ရေစင်စွာဆေး၍ ထန်းလျက် သို့မဟုတ် ပျားရည်ဖြင့် သေးငယ်သော အလုံးလေးများပြုလုပ်ပြီး ကလေးငယ်များကို ကျွေးပါကဝမ်းတွင်းရှိ သန်လုံး၊ သန်ပြားနှင့်တုတ်ကောင်များ နောက်တစ်နေ့ဝမ်း သွားသောအခါ အထွေးလိုက် ကျဆင်းနိုင်သည်။ ဝါးမှိုဆိုရာတွင် ကြံခတ်ဝါးမှိုကသာ ဆေးဖက်ဝင်သည်။

**အဆိပ်အတောက် ရှိ မရှိစမ်းသပ်နည်း**

ဟင်းသီးဟင်းရွက်နွယ်ဝင်မှိုသည် လူသားတို့ ကျန်းမာရေးကို အထက်ပါအတိုင်းများစွာ အထောက် အကူပြုပေးနိုင်သော်လည်း ပတ်ဝန်းကျင်တွင် မိမိတို့မသိနားမလည်နိုင်သည့် သဘာဝအလေ့ကျ ပေါက်မှို အမျိုးစုံလင်လှသည်။ အဆိပ်အတောက် ရှိသော မှိုကို စားသုံးမိပါက ချွေးထွက်ခြင်း၊ ခေါင်းမူးခြင်း၊ ဆီးချုပ်ခြင်း၊ တံတွေးထွက်ခြင်း၊ တုန်ယင်လာခြင်း၊ ဗိုက်အောင့်ခြင်း၊ ပျို့အန်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ဝမ်းလျှောခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်း၊ ကိုမာ ခေါ် နာတာရှည်မေ့မြောခြင်း စသည့် အစာအဆိပ်သင့်လက္ခဏာတို့အပြင် အခန့် မသင့်ပါက အသက်ကိုပါ ဆုံးရှုံးစေနိုင်သည်။ ထို့ကြောင့် မိမိရွေးချယ်သောမှိုသည် အဆိပ် အတောက်မရှိသော စားသင့်သော မှိုသာဖြစ်ရမည်။ ရွေးချယ်မှုမမှားစေရန်အတွက် အဆိပ်အတောက်ရှိ၍ မစားသင့်သောမှိုကို အောက်ပါအတိုင်း ဖော်ပြပေး လိုက်ရသည်။

မှိုကိုချိုးလိုက်ပါက အလွန်ဖြူ၍ ပျစ်သော နို့နှစ်နှင့်တူသော အစေးများ ထွက်လာလျှင်မစားသင့် ပေ။ မှိုပေါ်တွင် ဆားအနည်းငယ်ဖြူးကြည့်ခြင်း၊ ဆားရည်တွင် စိမ်ကြည့်ခြင်းဖြင့် ညို၊ ပြာ၊ နက် အရောင်များဖြစ်ခဲ့သော် ထိုမှိုကို မစားသင့်ပေ။ မှို၏အရိုးတံကို လက်ဖြင့်ချေကြည့်ခြင်းဖြင့် ကြေမွသွားသော် ထိုမှိုကို မစားသင့်ပေ။ မှိုတစ်ပွင့် လုံးကိုလက်နှင့်ချေကြည့်ခြင်းဖြင့် အနီရောင်အရည် များ ထွက်လာသော် မစားသင့်ပေ။ မှို၏အရိုးကို ဓားနှင့်ဖြတ်ကြည့်ပြီးနောက် ၎င်းဖြတ်စသည် အညို ရောင်၊ အပြာအရောင်ပြောင်းသွားသော်မစားသင့်ပေ။ အဝါရောင်၊အနီရောင်၊အပြာရောင်စသည့် တောက် ပြောင်ထင်ရှားသော အရောင်များရှိသည့်မှိုကို မစား သင့်ပေ။ အစိမ်းရောင်သမ်းနေလျှင် ထိုမှိုကို မစား သင့်ပေ။ ပန်းရောင်ရှိသော အမှုန်ပါရှိသည့်မှိုကို မစား သင့်ပေ။ မှိုခြေရင်းနှင့် မှိုခွက်နှစ်ခုစလုံးပါပြီး အဖြူ ရောင်ပါးဟက်မျိုးပါတတ်သည့် မှိုကိုမစားသင့်ပေ။ ပိုးမွှားကျရောက်နေသောမှိုကိုလည်းမစားသင့်ပေ။

အချို့သော မှိုများသည် တစ်ဦးကို အဆိပ် မဖြစ်သော်လည်း အခြားတစ်ဦးကိုမှု အဆိပ်ဖြစ်စေ တတ်သဖြင့် မိမိစားနေကျ မှိုမျိုးမဟုတ်လျှင် လုံးဝမစားခြင်းသည် အကောင်းဆုံးဖြစ်သည်။

**မှိုနှင့်ရောစပ်၍ မစားကောင်းသောအစာများ**

ကြက်ဟင်းခါးသီး၊ ကြက်ဥ၊ ၎က်ပျောသီး၊ နို့အမျိုးမျိုး၊ ယုန်သား စသည်တို့ကို မှိုဖြင့်ရော၍ ချက်ပြုတ်မစားသင့်ပေ။

**ဘေးဖြစ်စေတတ်သောမှိုများ**

ကြက်ဆူမှို၊ သစ်ကြားမှို၊ သဲမှို၊ မှိုကွန်ချာ၊ ခွေးလေးမှိုနှင့် နွားချေးမှိုတို့သည် လုံးဝမစားသင့် သောမှိုများဖြစ်ကြသည်။ ထို့ပြင် အချို့မှိုများမှာ စားကောင်းသောမှိုဖြစ်သော်လည်း အဆိပ်သင့်စေ သဖြင့် သေသေချာချာလေ့လာစူးစမ်းပြီးမှ စားသုံး သင့်ပါသည်။

**မှိုဆိပ်သင့်လက္ခဏာများ**

မှိုစားပြီး မိနစ် ၂၀ မှ ၄ နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှော ခြင်းတို့ဖြစ်ပွားပါက အသက်ဆုံးရှုံးနိုင်သည်။ ထို့ပြင် ဦးနှောက်နှင့် အာရုံကြောထိခိုက်ပြီး စိတ်အာရုံ ချောက်ချားခြင်း၊ အလွန်အမင်း နိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်သည်။ အဆိပ်သင့် လက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစားပါဝင်သော အဆိပ် (ဥပမာ Cyclopeptides၊ Gyromitrin၊ Orellanine၊ Muscarine စသည်) ပမာဏစားသုံးမိသူ၏ အသက်ရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ်မူတည်သည်။ သက်ကြီး ဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ် သင့်ပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်။ မှိုအဆိပ် သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှု ခံယူရန် လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ၊ ကျန်းမာရေး ဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရ မည်ဖြစ်သည်။

**မှိုဆိပ်ဖြေနည်း**

မှိုဆိပ်တက်လျှင် ထန်းလျက်စားပေးသင့်သည်။ သံပုရာရည်သောက်ပေးသင့်သည်။ မှိုနားတို့ ရွက် စိမ်းရည်သောက်ပါ။ မရိုး ခေါ် ဖြုံကြီး အခေါက် တစ်မတ်သားခန့် သွေး၍ သောက်သင့်သည်။ ကျီးအာမြစ်ကို ဆားနှင့်သွေး၍ လျှာကိုပွတ်ပေး သင့်သည်။ ထိုအခါ အစာများပြန်၍ အန်ထွက်ကျလာမည်ဖြစ်သည်။ ထို့ပြင် ထန်းလျက် ပြုတ်ရည်ပူပူနွေးနွေး သောက်ပေးပါကလည်း မှိုတောက်ခြင်း အဆိပ်ဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။

**သတိပြုရန်**

မီးဖွားပြီးစအမျိုးသမီးများ မှိုတစ်နှစ်၊ မျှစ်သုံးလ မစားသင့်ကြောင်း ရှေးလူကြီးများပြောလေ့ရှိသည်။ ခြေအေး၍ အထက်သို့ အခိုးတက်ပြီးဖြစ်တတ်သော နာပိတ်၊ နာမွှန်ရောဂါ၊ နား၊ မျက်စိ၊ ခေါင်းကိုက်သော ရောဂါရှိသူများ မှိုကိုလုံးဝမစားသင့်ပေ။ မည်သည့် မှိုကိုဖြစ်စေ သံထည်ပစ္စည်းများ လုံးဝမထိရန် သတိပြုရမည်။

"မှို" ဟု ဆိုလိုက်သည်နှင့် မြန်မာလူမျိုး တော်တော်များများ နှစ်ခြိုက်စွာ စားသုံးလိုကြသည်။ သို့သော် မစားသင့်၊ မစားအပ်သောမှိုကို ရွေးချယ် တတ်ဖို့လိုသည်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ ဝေးလံခေါင်ဖျားသည့် ဒေသများ တွင် မိုးဦးကာလတွင် ပေါက်သောမှိုများကို သေချာ မစစ်ဆေးဘဲစားမိ၍ သေဆုံးမှုဖြစ်ရပ်များ မကြာ ခဏကြားနေရသည်။ အထူးသဖြင့် ဒေသခံပြည်သူ များတွင် ကျန်းမာရေးအသိပညာများစွာ ချို့တဲ့ကြပြီး မှိုပေါပေါများများထွက်လေ့ရှိသည့် မိုးဦးကာလတွင် အဆိပ်သင့်မှိုမျိုးကိုအများဆုံးစားမိတတ်ကြသဖြင့် မှိုဆိပ်ကြောင့် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး အတွက် ကျန်းမာရေးအသိ၊ သတိတို့ဖြင့် မှိုများကို ဆင်ခြင်စားသုံးသင့်ပါကြောင်း အကြံပြုရေးသား လိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၁၀၀၀ ကျော် စိုက်ပျိုးမည်




**ကန့်ဘလူ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၁၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လတတိယပတ်မှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကြံကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီကာလ ကန့်ဘလူမြို့နယ်မှာ ကြံဧက ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ကြံစိုက်ပျိုးမှုကို ဒီဇွန်လထဲမှာ စတင်စိုက်ပျိုးသွားမှာပါ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားပါမယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံး ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းနှင့် ခုနစ်သိန်းကြား ကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/ 84၊နဝဒေး-၄၊ ဖော်မို၈၁၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေး စိုက်ပျိုးကြောင်း သိရသည်။

ကြံအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ် ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်၊ မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်း ပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိမရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်က စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒသမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**













## အမည်ပြောင်း

မြင်းမူမြို့၊ အမက(၃)တွင် ပညာသင်ကြားနေသော (ဘ) ဦးပိုင်ရှင်းကျော်၏သား မောင်ခန့်ဘုဏ်းဝေအား မောင်ဖြိုးသူရိန်ရှင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးသူရိန်ရှင်း**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ ဆည်တိုရွာ၊ အောင်ခွင်မှန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားလျက်ရှိသော မောင်ကောင်းခန့်ကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးညွန့်ဆောင်ဖြစ်ပါကြောင်း။

**ဦးညွန့်ဆောင်(၉/ကပတ(နိုင်)၁၆၃၅၃၂)**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်၊ အကွက်(၄၉၇)နေ ဦးစိန်မျက်ပြူး(ဘ) ဦးစိန်မျိုးသန့်(၁၂/ပဇတ(နိုင်)၀၃၁၁၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၂၅၃၄၇၃၆







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေး နည်းလမ်းလေးခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ရေသောင်ကျေးရွာ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများကို ပြန်လည်ကယ်ထုတ်နိုင်ခဲ့

စေတုတ္တရာမြို့နယ် ပန်းအိကျေးရွာအနီး အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ငါးဦးကို ပြန်လည်ရှာဖွေကယ်တင်နိုင်ခဲ့သည့်နေရာပြပုံ။




**နေပြည်တော်  ဇွန်  ၈**

NUG၊ CRPH နှင့်PDFအမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များပေါ်ထွန်းလာမှုကိုနှောင့်ယှက်ရန်ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအား DCS ပြုလုပ်ရန်နှင့် ၎င်းတို့၏ အလိုကျလိုက်ပါဆောင်ရွက်ခြင်းမရှိသော ပညာရေးဝန်ထမ်းများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများအား နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့သို့လုပ်ဆောင်လျက်ရှိရာ စေတုတ္တရာမြို့နယ် လက်ပံကျင်းကျေးရွာနေ ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ကျောင်းဆရာမ နှစ်ဦး၊ ပညာရေးကောလိပ်ကျောင်းသား၊ ကျောင်းသူ လေးဦး၊ ကျောင်းသားမိဘ နှစ်ဦးနှင့် အရပ်သူ တစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ကျောင်းတက်ရန်အတွက် လိုက်ပါပို့ဆောင်သူများနှင့်အတူ မေ ၂၄ ရက်တွင် မကွေးမြို့သို့ သွားရောက်ရန် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်သို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**ဖြူစင်သောနှလုံး ကြည်လင်သော အပြုံးများဖြင့် ကမ္ဘာဆုံးတိုင် ခိုင်မြဲနေမည့် နှစ်နိုင်ငံချစ်ကြည်ရေး**

ဆောင်းပါး စာမျက်နှာ- ၁၈

## အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးအဆင့် ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဇွန်  ၈**

၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ပါကစ္စတန်အသင်းတို့၏ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးအဆင့် ဒုတိယပွဲစဉ်ကို ဇွန် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော်  ဇွန်  ၈**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်

စာမျက်နှာ ၂၂ ကော်လံ ၄ ❑